# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၁၈)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၃၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ မိခင်နာရေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကျန်းမာရေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကျန်းမာရေး။ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ကျန်းမာရေး။ ဦးကော်ရိုင်း၊ ကယား (၉)၊ မိသားစုကိစ္စ။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဋ္ဌေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ငြိမ်းချမ်းရေးကိစ္စ။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ရေဘေးကယ်ဆယ်ရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကျန်းမာရေး။ ဗိုလ်မှူးကြီး အောင်ကျော်၊ တပ်မတော်၊ အရေးကြီးတာဝန်။ ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်၊ ကျန်းမာရေး။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ဇနီးကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဋ္ဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ မိသားစုကျန်းမာရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေး။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်ရေးကိုယ်တာ။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ကော်မတီတို့တွင် အစားထိုးတာဝန်ပေးအပ်မည့် လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့တဲ့ ဥပဒေကြမ်းကော်မတီမှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး အစား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း အား လည်းကောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးစံထွန်း အစား ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယု အား လည်းကောင်း အစားထိုး တာဝန်ပေးအပ်မှာဖြစ်ပြီး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး ကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးဆောင်ရွက်စေမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ပြည်သူ့ငွေစာရင်းကော်မတီမှာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် အစား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဘရန်ရှောင် အားလည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး အစား တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးမြင့်စိုး အားလည်းကောင်း အစားထိုး တာဝန်ပေးအပ်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီတွင် အတွင်းရေးမှူး အဖြစ် တာဝန်ပေးအပ်မည့် လွှတ်တော်ကိုယ်စားလှယ်ရဲ့ အမည်စာရင်းကို လည်းကောင်း၊ အစားထိုး တာဝန်ပေးအပ်မယ့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို လည်းကောင်း၊ ပြည်သူ့ ငွေစာရင်းကော်မတီတွင် အစားထိုးတာဝန်ပေးအပ်မည့် လွှတ်တော်ကိုယ်စားလှယ်ရဲ့ အမည်စာရင်းကို လည်းကောင်း လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါ တယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ဥပဒေကြမ်းကော်မတီတွင် အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်မည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို လည်းကောင်း၊ အစားထိုး တာဝန်ပေးအပ်မည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို လည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီတွင် အစားထိုး တာဝန်ပေးအပ်မည့် လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကိုလည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရေးရာကော်မတီများ ဖွဲ့စည်းခြင်းနှင့် ရေးရာကော်မတီများတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် နည်းဥပဒေများ ၇၉ တို့အရ လွှတ်တော် သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော် ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါတယ်။

ယခု အမျိုးသားလွှတ်တော်ရေးရာကော်မတီများကို ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းမယ့် ရေးရာကော်မတီများကတော့ -

( ၁ ) အလုပ်သမားရပိုင်ခွင့် ကာကွယ်စောင့်ရှောက်ရေးကော်မတီ၊

( ၂ ) အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၊

( ၃ ) အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာကော်မတီ၊

( ၄ )  သတ္တုနှင့် သယံဇာတရေးရာကော်မတီ၊

( ၅ )  ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊

( ၆ )  နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၊

( ၇ )  ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ၊

( ၈ )  ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီ၊

( ၉ )  ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၊

(၁၀)  တိုင်းရင်းသားရေးရာ ကော်မတီ၊

(၁၁)  အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၊

(၁၂)  နိုင်ငံတကာဆက်ဆံရေးကော်မတီ၊

(၁၃)  ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ပဋိပက္ခဖြေလျှော့ရေးကော်မတီ၊

(၁၄)  ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၊

(၁၅)  အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၊

(၁၆)  တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးကော်မတီ၊

(၁၇)  မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၊

တို့ ဖြစ်ပါတယ်။

ဖွဲ့စည်းမယ့် ရေးရာကော်မတီများမှာ ပါဝင်တဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်များရဲ့ အမည်စာရင်းကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ရေးရာကော်မတီအသီးသီးမှာ ပါဝင်တဲ့ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်များရဲ့ အမည်စာရင်းကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ဖွဲ့စည်းမယ့် ရေးရာကော်မတီ အသီးသီးမှာ ပါဝင်တဲ့ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်တို့ရဲ့ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

[ဖွဲ့စည်းမည့် ရေးရာကော်မတီများစာရင်းကို **နောက်ဆက်တွဲ** ဖြင့် ဖော်ပြပါသည်။]

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ကို ပယ်ဖျက်ရန် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၏ ၂၂-၁၂-၂၀၁၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁/၂၀၁၁ ဖြင့် ဖွဲ့စည်းခဲ့သော ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ကို ပယ်ဖျက်ရန် လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ကို ပယ်ဖျက်ရန် လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ကို ပယ်ဖျက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းမည့် ကော်မရှင်တွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေ ပုဒ်မ ၃၂၊ ဥပဒေပုဒ်မ ၃၃ နှင့် ယင်းနည်းဥပဒေများ ၈၁၊ ၈၂ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်ကို ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းမယ့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

( ၁ ) ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်သားကိုယ်စားလှယ်

( ၂ ) ဦးကြည်ရှိန်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊

( ၃ ) ဦးကျော်စိန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊

( ၄ ) ဒေါက်တာမြင့်သိန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သမိုင်းသုတေသနဦးစီးဌာန၊

( ၅ ) ဦးစန်းလွင်၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊

( ၆ ) ဒေါ်ခင်သွယ်သွယ်မြင့်၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊

( ၇ ) ဦးသန်းဆောင်၊ စာရင်းကိုင်ချုပ်(ငြိမ်း)၊ မြန်မာ့လေကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊

( ၈ ) ဦးအောင်မြင့်၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊

( ၉ ) ဦးစိန်လှ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအကြံပေး(ငြိမ်း)၊ နိုတြီပတ်ဘလစ် နှင့် တရားလွှတ်တော်ရှေ့နေ

(၁၀) ဦးခင်မောင်လတ်၊ ကထိက (အသုံးချဘောဂဗေဒဌာန)(ငြိမ်း)၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်၊

(၁၁) ဦးကျော်ဝင်း၊ စာရေးဆရာ

(၁၂) ဦးစောမြင့်မောင်၊ ဂုဏ်ထူးဆောင်ပါမောက္ခ Myanmar Egress

(၁၃) ဒေါက်တာချစ်စံ၊ စာရေးဆရာ

(၁၄) ဒေါ်မြသင်းဝေ၊ အင်္ဂလိပ်စာဆရာမ

(၁၅) ဗိုလ်မှူးကြီးခင်မောင်အေး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၆) ဗိုလ်မှူးမောင်မောင်ကြီး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၇) ဗိုလ်မှူးဇော်မြင့်၊ တပ်မတော်သားကိုယ်စားလှယ်

(၁၈) ဦးမြင့်သိန်း၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ လွှတ်တော်ရုံးတို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဖွဲ့စည်းမည့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင် က ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်မှာဖြစ်ပြီး ဦးမြင့်သိန်း၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ လွှတ်တော်ရုံး က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်တွင် ပါဝင်မယ့် ကော်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့ရဲ့ အမည်စာရင်းကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်မှာပါဝင်တဲ့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များရဲ့ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဩစတြေးလျ-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် တိုးချဲ့ဖွဲ့စည်းမည့် အဖွဲ့ဝင်၏ အမည်စာရင်းကို အမျိုးသား လွှတ်တော်သို့ တင်ပြခြင်း နှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဩစတြေးလျ-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း အား အဖွဲ့ဝင်အဖြစ် တိုးချဲ့ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ဒါကြောင့် တိုးချဲ့ဖွဲ့စည်းမယ့် အဖွဲ့ဝင်ရဲ့ အမည်စာရင်းကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် ဩစတြေးလျ-မြန်မာ လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအသင်းတွင် တိုးချဲ့ဖွဲ့စည်းမည့် အဖွဲ့ဝင်ရဲ့ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးနှင့်ကလေးဒေသတို့တွင် ဆူဒိုအက်ဖီဒရင်း ဆေးပြားများ ဖမ်းဆီးရရှိမှု အပေါ် ဟန့်တားလောက်သော အရေးယူမှုများ ချမှတ်ဆောင်ရွက်ရန်နှင့် ဒိုင်အဖြစ် ဒိုင်ခံဝယ်ယူသူများအား ဖမ်းဆီးနိုင်မှုမရှိသဖြင့် ရောင်းဝယ်မှု ကြီးထွားလာမှုအပေါ် ကွင်းဆက်ဖော်ထုတ် အရေးယူဆောင်ရွက်မည့် အစီအစဉ်၊ လက်နက်များနှင့် ပတ်သက်၍ ကွင်းဆက်ဖော်ထုတ် အရေးယူဆောင်ရွက်မည့် အစီအစဉ်၊ လက်နက်များကြောင့် ဒေသခံပြည်သူများ စိုးရိမ်ကြောင့်ကြနေမှုအပေါ် ဆောင်ရွက်ပေးမည့် အစီအစဉ်၊ တရားမဝင်ရရှိလာသောငွေကြေးများကို ထိန်းချုပ်ရေးနှင့် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများ အပေါ် အရေးယူဆောင်ရွက်မည့် အစီအစဉ် စသည်တို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးနှင့်ကလေးဒေသတို့တွင် ဆူဒိုအက်ဖီဒရင်းဆေးပြားများ ဖမ်းဆီးရရှိမှု အပေါ် ဟန့်တားလောက်သော အရေးယူမှုများ ချမှတ်ဆောင်ရွက်ရန်နှင့် ဒိုင်အဖြစ် ဒိုင်ခံဝယ်ယူသူ များအား ဖမ်းဆီးနိုင်မှုမရှိသဖြင့် ရောင်းဝယ်မှု ကြီးထွားလာမှုအပေါ် ကွင်းဆက်ဖော်ထုတ် အရေးယူ ဆောင်ရွက်မည့် အစီအစဉ်၊ လက်နက်များနှင့် ပတ်သက်၍ ကွင်းဆက်ဖော်ထုတ် အရေးယူ ဆောင်ရွက်မည့် အစီအစဉ်၊ လက်နက်များကြောင့် ဒေသခံပြည်သူများ စိုးရိမ်ကြောင့်ကြနေမှု အပေါ် ဆောင်ရွက်ပေးမည့် အစီအစဉ်၊ တရားမဝင်ရရှိလာသောငွေကြေးများကို ထိန်းချုပ်ရေးနှင့် ပါဝင်

ပတ်သက်နေသော အဖွဲ့အစည်းများအပေါ် အရေးယူဆောင်ရွက်မည့် အစီအစဉ် စသည်တို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား၍ တက်ရောက်လာကြသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေး၊ တမူးဒေသမှာ ကျွန်တော်တို့ တစ်စတစ်စ ကြီးထွားလာတဲ့ ဆူဒိုအက်ဖီဒရင်း သယ်ယူမှုအပေါ်မှာ ကျွန်တော် မေးခွန်းများ မေးသွားမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းကို မေးရတဲ့ အကြောင်းရင်းကလည်း ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ မူးယစ်ဆေးဝါးဖမ်းဆီး အရေးယူတဲ့နေရာမှာ တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းနေတဲ့ ဆူဒိုအက်ဖီဒရင်းဆေးဝါးများကို တမူး၊ ကလေးဒေသများကို ဖော်ပြပြီးတော့မှ တရားမဝင် သယ်ယူသူများနှင့် သယ်ယူသူများအချို့ကိုသာ ဖမ်းဆီးရမိခဲ့ပြီးတော့ ယင်းမူးယစ်ဆေးဝါးများကို ဒိုင်ခံဝယ်ယူနေသည့်သူများကို ဖမ်းဆီးမိကြောင်း မသိ၊ မကြား၊ မမြင်ဖြစ်ပေါ်နေခြင်းနဲ့ အဆိုပါဆေးဝါးများကို အသွင်ပြောင်း အလွဲအသုံးပြု၍ အဆင့်မြှင့် ဆေးဝါးအဖြစ် ပြန်လည်တင်သွင်းလာနိုင်ခြင်း စသည်တို့အပေါ် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်မပြ မေးခွန်း မေးမြန်းခဲ့ပါတယ်။

အဲဒီ ကြယ်ပွင့်မပြ မေးခွန်းအဖြစ် မေးမြန်းခဲ့တဲ့အပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဖြေကြားတဲ့ အမျိုးသားဆေးဝါးအက်ဥပဒေ ပုဒ်မ ၁၈ အရ အရေးယူဆောင်ရွက်နိုင်ခြင်း၊ ပို့ကုန်/သွင်းကုန်ကြီးကြပ်ရေး(ယာယီ)အက်ဥပဒေပုဒ်မ ၈ အရ အရေးယူနိုင်ခြင်း၊ မူယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆ အရ အရေးယူနိုင်ခြင်း စသည်တို့ကို ဖော်ပြလျက် ဖမ်းဆီးမှုများကို ဖော်ပြခဲ့ပြီးတော့ ကွင်းဆက်ဖော်ထုတ်မှုအရ ၎င်းဆေးဝါးများကို ဒိုင်အဖြစ်လက်ကားဝယ်ယူသူများ မည်မျှဖမ်းဆီးရမိကြောင်း ဖော်ပြထားမှု မရှိပါဘူး။

အဲဒီတော့ ဒီဆေးတွေကို သယ်နေတယ်ဆိုတာကလည်း ဒိုင်ခံဝယ်ပြီးတော့မှတစ်ဆင့် လုပ်ငန်းကို ကြီးကျယ်စွာဆောင်ရွက်နေတဲ့ လူတွေရှိတဲ့အတွက် သယ်တဲ့လူကလည်း သယ်တယ်လို့ ကျွန်တော် ယူဆတဲ့အတွက် ဒီမေးခွန်းကို၊ ဒီအကြောင်းအရာကို ထည့်ပြီးတော့မှ မေးမြန်းခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် ဖြေကြားချက်အပိုဒ်(၉)ပါ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့မှာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် ဖမ်းဆီးရမိသော ဆူဒိုအက်ဖီဒရင်းဆေးပြားများနှင့် လက်နက်မျိုးစုံ (၉၆)လက်နှင့်ဆက်စပ်ပစ္စည်း ဖမ်းဆီးရမှုဖြစ်စဉ်မှာ ကွင်းဆက်ဖော်ထုတ်ချက်အရ ဆူဒိုအက်ဖီဒရင်းဆေးဝါးများ ပိုင်ရှင်အား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်ဟု ဖြေကြားထားပါတယ်။ သိသာမြင်သာ ရိုးရှင်းသောအမှုတစ်ခုကို သံသယအကျိုးခံစားခွင့်ရရှိရေး ဝိုင်းဝန်းပံ့ပိုးနေတဲ့ အသွင်သဏ္ဍာန်ပေါ်ပေါက်နေတဲ့အပြင် လက်နက်များနဲ့ ပတ်သက်၍ မည်သို့မည်ပုံ အရေးယူဆောင်ရွက်မည်ကို ဖော်ပြထားခြင်းမရှိခဲ့ပါဘူး။ အရေအတွက်များများ ဖမ်းဆီးရမိခဲ့တဲ့ လက်နက်မှုဟာ

(၂)ကြိမ်ရှိခဲ့ပြီးဖြစ်ပါတယ်။ အရေးယူဆောင်ရွက်နိုင်မှု အားနည်းမှုကြောင့် ကြောက်လန့်ဖွယ်ရာ မမျှော်မှန်းနိုင်သော အခြေအနေဆီသို့ တွန်းပို့နေတယ်လို့ ယူဆမိပါသည်။

ဒေသခံပြည်သူများ၏ သွေးနှော၍ အမျိုးပျောက်မှုဆိုင်ရာ လုံခြုံမှု၊ ဘဝလုံခြုံမှုတို့ကို ထည့်သွင်းစဉ်းစားပေးရန် လိုအပ်နေပါတယ်။ ဆူဒိုအက်ဖီဒရင်းနှင့် အလားတူဆေးဝါးများကို ဖမ်းဆီးရမိမှုများတွင် အမျိုးသားအကျိုးစီးပွားအက်ဥပဒေ တစ်ခုတည်းဖြစ်သော အရေးယူမှုများရှိတဲ့အတွက် ထောင်ကျပြီးတော့ ပြန်လွတ်လာပါက အကြိမ်ကြိမ် ပြန်လည်လုပ်ကိုင်လျက်ရှိသည်ကိုလည်း တွေ့ရပါတယ်။ တချို့သော အမှုများမှာ အမှုကြီးတဲ့ အမှုတွေကို အမျိုးသားဆေးဝါးနဲ့ အရေးယူ ဆောင်ရွက်ပြီးတော့မှ သေးသေးမွှားမွှားကိစ္စမျိုးတွေကိုတော့ ကျွန်တော်တို့ စိတ်ကို ပြောင်းလဲစေသော မူးယစ်ဆေးဝါးဥပဒေနဲ့ အရေးယူတာတွေလည်း ရှိနေပါတယ်။ အဆိုပါ ဆေးပြားများ ရောင်းချရာမှာ သိန်းထောင်ပေါင်းများစွာကို ငွေသားအဖြစ် ပေးချေနိုင်ခြင်း၊ ပေးချေသော ငွေများမှာ တရားမဝင်ငွေစက္ကူများ ပါလာလျက်ရှိခြင်း၊ တရားမဝင်ရရှိသော ငွေကြေးများဖြင့် စီးပွားရေး နယ်ပယ်တွင် ဝင်ရောက်ခြယ်လှယ် လုပ်ကိုင်လျက် ရှိကြတဲ့အတွက် လှည့်လည်ရင်းနှီးငွေနဲ့ ငွေကြေး ခိုင်မာမှုကို စိန်ခေါ်မှုများ ဖြစ်ပေါ်လာနေပါတယ်။ ဒါကြောင့် အင်အားကြီးထွားလာမှုကို စီမံချက်ချ ဟန့်တားဆောင်ရွက်ရန် လိုအပ်နေပါတယ်။

အချို့သော ဖြစ်စဉ်များမှာ ဆိုလို့ရှိရင်လည်း တာဝန်ရှိသူများနှင့် အထူးတာဝန်ရှိသော မူးယစ်အဖွဲ့ဝင်များ ပါဝင်ပတ်သက်မှုများ ရှိနေကြပါတယ်။ နောက် အဲဒီလို ရှိနေတဲ့အတွက် ဒီဝန်ထမ်းတွေ၊ ဒီပုဂ္ဂိုလ်တွေ ပိုင်ဆိုင်တဲ့ ပိုင်ဆိုင်မှုကို စိစစ်သုံးသပ်ပြီးတော့ ထိန်းချုပ်အရေးယူရန် လိုအပ်တယ်လို့ ပြည်သူများကလည်း တင်ပြပြောဆိုလျက်ရှိကြပါတယ်။ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၅ မှာလည်း မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ကျူးလွန်သည့် ပြစ်မှုများဆိုပြီးတော့မှ ထည့်သွင်း ရေးသားထားတာလည်း ရှိပါတယ်။

အဲဒါကြောင့် ဒီဖော်ပြချက်များနဲ့ ပတ်သက်၍ (က) ဆူဒိုအက်ဖီဒရင်း ဆေးပြား ဖမ်းဆီးမှုအပေါ် ဟန့်တားလောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းမှု အပေါ် ဟန့်တားလောက်သော အရေးယူမှုများချမှတ် ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ၊ (ခ)ဒိုင် အဖြစ် ဒိုင်ခံဝယ်ယူသူများ ဖမ်းဆီးနိုင်မှုမရှိတဲ့အတွက် ဆူဒိုအက်ဖီဒရင်း ရောင်းဝယ်မှု ကြီးထွားလာမှုအပေါ် ကွင်းဆက်ဖော်ထုတ် အရေးယူ ဆောင်ရွက်မည့်အစီအစဉ် ရှိ/ မရှိ၊ (ဂ) စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၊ တမူးမြို့တို့မှာ ဖမ်းဆီးရမိသော ဆူဒိုအက်ဖီဒရင်း၊ လက်နက်များနှင့်ပတ်သက်၍ မည်သို့မည်ပုံ ကွင်းဆက်ဖော်ထုတ် အရေးယူ ဆောင်ရွက်မည်၊ လက်နက်များကြောင့် ဒေသခံပြည်သူများ စိုးရိမ်ကြောင့်ကြနေမှုအပေါ် မည်သို့ဆောင်ရွက်ပေးမည်၊ တရားမဝင် ရရှိသော ငွေကြေးများကို မည်သို့ ထိန်းချုပ်မည်၊ ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများကို မည်သို့အရေးယူဆောင်ရွက်မည် တို့နဲ့ ပတ်သက်ပြီးတော့မှ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဂန့်ဂေါမြို့နယ်အတွင်းရှိ ကုက္ကားကျေးရွာ၊ တော်ဝင်ကျေးရွာ၊ သင်တောကျေးရွာ၊ စန်းမြို့ကျေးရွာနှင့် ကုန်းရွာကျေးရွာတို့အား အုပ်စုကျေးရွာများအဖြစ် မည်သည့်အချိန်တွင် သတ်မှတ်ပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ဂန့်ဂေါမြို့နယ်အတွင်းရှိ ကုက္ကားကျေးရွာ၊ တော်ဝင်ကျေးရွာ၊ သင်တောကျေးရွာ၊ စန်းမြို့ကျေးရွာနှင့် ကုန်းရွာကျေးရွာတို့အား အုပ်စုကျေးရွာများအဖြစ် မည်သည့်အချိန်တွင် သတ်မှတ်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာသော အကြံပေးပညာရှင်ကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြလိုတဲ့ မေးခွန်းကတော့ ပထမအကြိမ် စတုတ္ထပုံမှန်အစည်းအဝေးမှာ ကျွန်တော် မေးခဲ့တဲ့ ဂန့်ဂေါမြို့နယ်အတွင်းမှာရှိတဲ့ ကုက္ကားကျေးရွာ၊ တော်ဝင်ကျေးရွာ၊ သင်တောကျေးရွာနဲ့ စန်းမြို့ကျေးရွာများကို အုပ်စုကျေးရွာများအဖြစ် ဘယ်အချိန်မှာ သတ်မှတ်မလဲဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် ထပ်မံမေးမြန်းရတဲ့ အကြောင်းကတော့ စတုတ္ထအကြိမ်တုန်းက ကျွန်တော် မေးခဲ့တဲ့အခါမှာ ကျွန်တော်တို့ ပြည်ထောင်စု ဒုတိယဝန်ကြီးက ကျွန်တော်တို့ကို ဖြေကြားခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ မှာ သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန် ဖွဲ့စည်းရန် သို့မဟုတ် အမည် ပြောင်းလဲရန် ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတမှ လိုအပ်သလို ဆောင်ရွက်ပေးရမည် ဟု ဖော်ပြထားတဲ့အတွက်ကြောင့် ကျေးရွာအုပ်စုများ ပြင်ဆင်ဖွဲ့စည်းနိုင်ဖို့အတွက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ အရ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရသို့ အစည်းအဝေးမှတ်တမ်းများ ပါဝင်တဲ့ အမှုတွဲ တည်ဆောက်ပြီး နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက် ရယူတောင်းခံတင်ပြ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဂန့်ဂေါမြို့နယ်အတွင်း မိမိကိုယ်ပိုင်ရပ်တည်လိုတဲ့ ကျေးရွာများကို သီးခြားလွတ်လပ်သော ကျေးရွာများအဖြစ် သတ်မှတ်ပေးဖို့ သက်ဆိုင်ရာကျေးရွာများကို ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့ရာမှာ လယ်ကြီးကျေးရွာအုပ်စု၊ စန်းမြို့ကျေးရွာအုပ်စုက အုပ်စုကျေးရွာ(လယ်ကြီး)နဲ့ (၂)မိုင်ခန့်ဝေးကွာပြီး ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ အခြားကျေးရွာများထက် လူဦးရေ၊ အိမ်ခြေ၊ အိမ်ထောင်စု စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှု မြင့်မားနေခြင်းနဲ့ ကျေးရွာသူ၊ ကျေးရွာသားများကလည်း သီးခြားဖွဲ့စည်းရပ်တည်

လိုခြင်းကြောင့် ရွှေဘိုကျေးရွာအုပ်စု၊ သင်တောကျေးရွာနဲ့ အုပ်စုကျေးရွာ(ရွှေဘို)နဲ့ နီးပေမယ့်လည်း အုပ်စု ကျေးရွာလိုပဲ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ အုပ်စုကျေးရွာနဲ့ သင်တောချောင်း တို့ အင်း ခြားနေခြင်း၊ ရွာသူရွာသားများကလည်း သီးခြားဖွဲ့စည်း ရပ်တည်လိုခြင်း၊ ဟံသာဝတီအုပ်စု မှာရှိတဲ့ ကုက္ကား ကျေးရွာကလည်း ကျေးရွာနဲ့ (၃)မိုင်ဝေးကွာပြီး စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက် နေခြင်း၊ နှမ်းခါးကျေးရွာအုပ်စု၊ တော်ဝင်ကျေးရွာကလည်း နှမ်းခါးနဲ့ (၄)မိုင်ဝေးပြီးတော့ စီးပွားရေး၊ လူမှုရေး ကောင်းမွန်ခြင်း၊ ရွာသူရွာသားများကလည်း သီးခြားရပ်တည်လိုခြင်းတို့ စိစစ်တွေ့ရှိရတဲ့ အတွက် သီးခြားအုပ်စုများအဖြစ် ဖွဲ့စည်းခြင်းကို ဆောင်ရွက်သင့်တယ်လို့ အစီရင်ခံ တင်ပြလာတဲ့ အတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း သီးခြား ကျေးရွာအုပ်စုများအဖြစ် ဖွဲ့စည်းခြင်းကို သဘောတူညီကြောင်း စိစစ်တွေ့ရှိရပါတယ်လို့ ဖြေကြားခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဝန်ကြီးအနေနဲ့လည်း ပြည်သူ့ဆန္ဒ၊ ပြည်သူလူထုဆန္ဒနှင့်အညီ အမှုတွဲ ပြုစုပြီးတော့ အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းနဲ့အညီ သက်ဆိုင်ရာ တိုင်းဒေကြီးအစိုးရက နိုင်ငံတော်သမ္မတရုံးကို တင်ပြဆောင်ရွက်သွားမှာ ဖြစ်ကြောင်း မေးခွန်းကို ဖြေကြားခဲ့ပါတယ်။ အဲဒီလို ဖြေကြားခဲ့သော်လည်းပဲ ကျွန်တော်တို့ တော်တော်နဲ့ အုပ်စုအဖြစ် ကြေညာထုတ်ပြန်ပေးခြင်း မရှိတဲ့ အတွက် ကျွန်တော့်အနေနဲ့ ကတိကဝတ်ကော်မတီမှာ တင်ပြခဲ့ပါတယ်။ ကတိကဝတ်ကော်မတီက ခေါ်ယူကြားနာပွဲမှာ တင်ပြတဲ့အခါမှာ ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ရှိသူ ညွှန်ကြားရေးမှူး တစ်ဦးက ဒါဟာ ဒီကိစ္စ အုပ်စုကျေးရွာတွေအဖြစ် ဖွဲ့စည်းပေးဖို့ မဖြစ်နိုင်ဘူးလို့ ဒီလိုဖြေကြားပါတယ်။ ဖြေကြားတဲ့အတွက်ကြောင့် ကျွန်တော်က ဒါဆိုရင် ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ သီးခြားအုပ်စုတွေ အဖြစ် ဖွဲ့စည်းဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း သဘောတူညီကြောင်း စိစစ်တွေ့ရှိ ထားပြီး ဖြစ်တယ်။ ပြည်သူလူထုကလည်း သီးခြားအုပ်စုရွာများအဖြစ် ရပ်တည်လိုပါလျက်နဲ့ ဘယ်လိုများ ဖြစ်လို့လဲမသိဘူးလို့ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိတ္ထီလာမြို့နယ်၊ အောင်ဆန်းနယ်မြေ၊ မြို့သစ်ရပ်ကွက်တွင် တည်ရှိသော အမှတ်(၃)မီးသတ်စခန်းအား မီးသတ်စခန်းအင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန် မီးသတ်ယာဉ်၊ မီးသတ်ရဲဘော်ဝန်ထမ်းများ ပြန်လည် ထားရှိပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် က မိတ္ထီလာမြို့နယ်၊ အောင်ဆန်းနယ်မြေ၊ မြို့သစ်ရပ်ကွက်တွင် တည်ရှိသော အမှတ်(၃)မီးသတ် စခန်းအား မီးသတ်စခန်းအင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန် မီးသတ်ယာဉ်၊ မီးသတ်ရဲဘော်ဝန်ထမ်းများ ပြန်လည် ထားရှိပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့ဝင်များ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့

နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မိတ္ထီလာမြို့နယ်၊ အောင်ဆန်းနယ်မြေ၊ မြို့သစ်ရပ်ကွက်တွင် တည်ရှိသော အမှတ်(၃)မီးသတ်စခန်းအား မီးသတ်စခန်းအဂ်ါရပ်နှင့် ညီညွတ်မှုရှိစေရန် မီးသတ်ယာဉ်၊ မီးသတ် ရဲဘော်ဝန်ထမ်းများ ပြန်လည်ထားရှိပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မန္တလေး တိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင် ကျေးရွာအုပ်စု(၅၈)အုပ်စု မြို့ပေါ်ရပ်ကွက် (၁၄)ရပ်ကွက်တို့ ပါဝင်ဖွဲ့စည်းထားသော မြို့နယ်တစ်ခုဖြစ်ပါတယ်။ အဆိုပါ မြို့ပေါ် (၁၄)ရပ်ကွက် တွင် ယခု ဖော်ပြပါ အောင်ဆန်းနယ်မြေ မြို့သစ်ရပ်ကွက်လည်း အပါအဝင်ဖြစ်ပါတယ်။ အဆိုပါ အောင်ဆန်းနယ်မြေတွင် မြို့သစ်(၁)၌ အိမ်ခြေ(၄၂၀)၊ လူဦးရေ(၂၁၆၄)ဦး၊ မြို့သစ်(၂)တွင် အိမ်ခြေ (၃၀၀)၊ လူဦးရေ(၁၂၉၁)ဦး၊ မြို့သစ်(၃)တွင် အိမ်ခြေ(၃၅၀)၊ လူဦးရေ(၁၅၃၉)ဦး၊ စုစုပေါင်းအိမ်ခြေ (၁၀၄၀)၊ လူဦးရေစုစုပေါင်း (၄၉၉၄)ဦး ရှိပါတယ်။ ထို့အပြင် ဌာနဆိုင်ရာအိမ်ခြေ (၂၈၃)အိမ် လူဦးရေ (၁၄၅၅)ဦးလည်း နေထိုင်လျက်ရှိသော ရပ်ကွက်ကြီးတစ်ခု ဖြစ်ပါတယ်။

အဆိုပါ အောင်ဆန်းနယ်မြေ မြို့သစ်ရပ်ကွက်တွင် စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၊ အမှတ်(၂၅)ထွန်စက်စခန်း၊ ကုန်းလမ်းပို့ဆောင်ရေးသင်တန်းကျောင်း၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်း၊ ပို့ဆောင်ရေးစီမံကိန်းရုံး၊ ကျေးလက်ရေရရှိရေးစခန်း၊ အစိုးရအထက်တန်းကျောင်း အမှတ်(၄)တို့လည်း တည်ရှိသော ရပ်ကွက်ကြီးတစ်ခုလည်း ဖြစ်ပါတယ်။ အဆိုပါ အောင်ဆန်းနယ်မြေ မြို့သစ်ရပ်ကွက်တွင် ၁၉၉၄ - ၁၉၉၅ ၌ မီးလောင်မှုတစ်ကြိမ်ဖြစ်ပွားရာ အိမ်ခြေ(၂၀) မီးလောင် ပျက်စီးဆုံးရှုံး ဖြစ်ပေါ်မှုရှိခဲ့ပါတယ်။ ထို့အတူ ၁၉၉၆ မှာလည်း မြို့သစ်(၃)၌ အိမ်ခြေ(၃)အိမ်၊ ၂၀၀၉ ခုနှစ် စက်မှုလယ်ယာ ဝန်ထမ်းအိမ်ရာမှာလည်း (၁)အိမ်၊ ၂၀၁၁ ခုနှစ်တွင် မြို့သစ်(၃)၌ပင် အိမ်ခြေ (၁)အိမ် မီးလောင်ပျက်စီးမှု ဖြစ်ခဲ့ပါတယ်။ ထို့သို့ မီးလောင်မှု အကြိမ်ကြိမ် ဖြစ်ပွားခဲ့သော အောင်ဆန်းနယ်မြေ မြို့သစ်ရပ်ကွက်တွင် မီးသတ်စခန်းတစ်ခု တည်ဆောက်ပေးရန် လိုအပ်လျက် ရှိကြောင်း၊ ရပ်ကွက်နေ ပြည်သူပြည်သားများ၏ဆန္ဒအရ ၁၉၉၇ ခုနှစ်တွင် မီးသတ်စခန်းတစ်ခု တည်ဆောက်ဖွင့်လှစ် ထားရှိပေးခဲ့ပါတယ်။ မီးသတ်စခန်းဖွင့်လှစ်စဉ်က စခန်းတာဝန်ခံ မီးသတ် တပ်ကြပ်ကြီးတစ်ဦးဖြင့် မီးသတ်ဝန်ထမ်းတချို့ ထားရှိပြီး မီးသတ်ယာဉ်တစ်စီးလည်း မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ထားရှိပေးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ကျွန်တော်တို့ မိတ္ထီလာမြို့တွင် မီးသတ် စခန်း(၃)ခုရှိတဲ့အနက် ကျန်မီးသတ်စခန်းများတွင် မီးသတ်ယာဉ် ပြည့်စုံမှုရှိသော်လည်း ယခု အောင်ဆန်းနယ်မြေစခန်း၌ရှိသော ယာဉ်တစ်စီးမှာလည်း မည်ကဲ့သို့သော အကြောင်းကြောင်းကြောင့် ပြန်လည်ရုပ်သိမ်းသွားသည်ကို ရပ်ကွက်နေ ပြည်သူများမှ သိရှိလိုကြောင်း သိရှိရပါတယ်။ အဆိုပါ ရပ်ကွက်မှာ စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိသော်လည်း မြို့နယ်စည်ပင်သာယာရေးဌာန ရေပေးဝေရေးလုပ်ငန်း လုပ်ပေးနိုင်ခြင်း မရှိသေးပါသဖြင့် ရေအခက်အခဲရှိသော ရပ်ကွက်တစ်ခု ဖြစ်ပါတယ်။ အကယ်၍ မီးလောင်မှုထပ်မံဖြစ်ပွားပါက စိုးရိမ်စရာ အခြေအနေပင် ရှိနေပါတယ်။ ရပ်ကွက် နေပြည်သူ များကလည်း မီးသတ်စခန်းတွင် မီးသတ်ယာဉ်တစ်စီး ပြန်လည်ထားရှိပေးရေး လိုလားလျက်၊ တောင့်တလျက်ရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ မိတ္ထီလာမြို့နယ်၊ အောင်ဆန်းနယ်မြေ၊ မြို့သစ်ရပ်ကွက်တွင် တည်ရှိသော အမှတ်(၃)မီးသတ်စခန်းအား မီးသတ်စခန်း အင်္ဂါရပ်နဲ့ ညီညွတ်မှုရှိစေရန် မီးသတ်ယာဉ် မီးသတ်ရဲဘော်ဝန်ထမ်းများ ပြန်လည်ထားရှိပေးနိုင်ခြင်း ရှိ/မရှိ ကို သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၆။**

**ဗိုလ်ချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဝင်း ရဲ့ တမူး၊ ကလေးဒေသများမှာ မူးယစ်ဆေးဝါး တရားမဝင် တင်သွင်းရောင်းချနေမှုအပေါ် စီမံချက်ချ ဟန့်တားဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော်ကပဲ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအနေနဲ့ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပပျောက်ရေးအတွက်ကို ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နဲ့ လုပ်ငန်းအဖွဲ့(၉)ဖွဲ့ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်အဖွဲ့များကိုပါ သတ်မှတ်ပေးခဲ့ပါတယ်။ မူးယစ်ဗဟိုအဖွဲ့မှာ ဥက္ကဋ္ဌအဖြစ် ပြည်ထဲရေးနဲ့ သာသနာရေးဌာန ဝန်ကြီး၊ အတွင်းရေးမှူးအဖြစ် ပြည်ထဲရေးနဲ့ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဆောင်ရွက်ပြီး အဖွဲ့ဝင်(၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဟာ မဟာဗျူဟာနှစ်ရပ်ကို ချမှတ်ပြီး နည်းဗျူဟာ(၃)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

၁၉၈၉ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အား အဖွဲ့ဝင်(၁၄)ဦးဖြင့်လည်းကောင်း၊ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို အဖွဲ့ဝင်(၂၁)ဦးဖြင့်လည်းကောင်း၊ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့မှာ မူးယစ်ဆေးဝါး အန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့နဲ့ အဖွဲ့ဝင်(၂၄)ဦး၊ လုပ်ငန်းအဖွဲ့ (၁၃)ဖွဲ့ဖြင့်လည်းကောင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အား အဖွဲ့ဝင်(၂၄)ဦးဖြင့်လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အား အဖွဲ့ဝင်(၁၉)ဦးဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းမှုများ ပြုလုပ်ခဲ့ပြီး မူးယစ်ဗဟိုအဖွဲ့အောက်မှာ အဖွဲ့(၁၀)ဖွဲ့ကိုလည်း ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ မူးယစ်ဗဟိုအဖွဲ့အစည်း ၂/၂၀၁၂ မှ မူးယစ်ဆေးဝါးပပျောက်ရေး

(၁၅)နှစ်စီမံကိန်းကို နောက်ထပ်(၅)နှစ်တိုးမြှင့်၍ ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများကို ပိုမိုမြန်ဆန်ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် မူးယစ်ဗဟိုအဖွဲ့အောက်မှာ မူလဖွဲ့စည်းထားတဲ့ လုပ်ငန်းအဖွဲ့(၁၃)ဖွဲ့ကို တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့ သီးနှံအစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့၊ ထိန်းချုပ်ဓာတုဆေးဝါးများ ကြီးကြပ်ရေးအဖွဲ့ ဟူ၍ တူညီသောကဏ္ဍအလိုက် ပေါင်းစပ်ဖွဲ့စည်းပြီး လုပ်ငန်းအဖွဲ့(၁၀)ဖွဲ့အဖြစ် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တမူးခရိုင်နဲ့ ကလေးခရိုင်များမှာ မူးယစ်အထူးအဖွဲ့က ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးစီမံချက်များကို ရေးဆွဲပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုနှင့် ကျောင်းသားလူငယ်များကို မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီးတော့ အသိပညာပေး ဟောပြောစည်းရုံးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ တားဆီးနှိမ်နင်းရေးမှာလည်း နှစ်နိုင်ငံနယ်စပ်မျဉ်းတစ်လျှောက်နဲ့ တမူးမြို့ဧရိယာပြင်ပကျေးရွာများမှ သယ်ဆောင်မှုများရှိတဲ့အတွက် တမူး မူးယစ်အထူးအဖွဲ့အနေနဲ့ ရေလမ်း၊ ကုန်းလမ်းတို့မှာ နေ့/ည အချိန်မရွေး ကင်းပုန်းဝပ်စောင့်ဆိုင်း၍လည်းကောင်း၊ ရှောင်တခင်လမ်းကြောင်း ပိတ်ဆို့၍လည်းကောင်း၊ သတင်းရယူ၍ စီမံချက်များချမှတ်ပြီး မူးယစ်ဆေးဝါး ဖမ်းဆီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဆူဒိုအက်ဖီဒရင်းဆေးပြားများ ဖမ်းဆီးမှုအပေါ် ဟန့်တားလောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေးနှင့် အကျိုးစီးပွား ဖြစ်ထွန်းမှုအပေါ် ဟန့်တားလောက်သော အရေးယူမှုများ ဆောင်ရွက်ရန်အတွက် ဆူဒိုအက်ဖီဒရင်းဆေးပြားများ ကန့်သတ်ထိန်းချုပ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးရုံးမှ နိုင်ငံတော်သမ္မတရုံးသို့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ တင်ပြခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေး ကွပ်ကဲမှုအဖွဲ့မှ ထိန်းချုပ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့လည်း ဆူဒိုအက်ဖီဒရင်း ဆေးပြားများ ဖမ်းဆီးမှုအပေါ် ဥပဒေနဲ့အညီ ထိရောက်ဟန့်တားလောက်တဲ့ ပြစ်ဒဏ်များ ချမှတ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ဆူဒိုအက်ဖီဒရင်းဆေးပြားများ သယ်ယူရောင်းချခြင်းများအပါအဝင် တရားမဝင်သောနည်းလမ်းများဖြင့် အကျိုးဖြစ်ထွန်းမှုများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေသိမ်းဆည်းခြင်းများကို တရားမဝင်သော

နည်းလမ်းဖြင့် ရရှိတဲ့ ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့က ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်အတွင်းမှာ ကလေး မူးယစ်အထူးအဖွဲ့မှ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေနဲ့ ဘိန်း(၁၃)မှု (၂၇.၇၀၆၄)ကီလို၊ ဘိန်းဖြူ(၁၁)မှု (၀.၀၃၉၄)ကီလို၊ စိတ်ကြွဆေးပြား(၂)မှု (၁၄၀)ပြား၊ ဆူဒိုအက်ဖီဒရင်း(၄)မှု (၅၈.၃)ကီလို၊ အက်ဖီဒရင်း (၁)မှု (၁၅.၂)ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း (၃၁)မှု တရားခံ ကျား(၃၅)ဦး၊ မ(၆)ဦးတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ အလားတူ တမူး မူးယစ်အထူးအဖွဲ့မှ ဘိန်းမှု(၁၇)မှု (၄.၀၄၈၁)ကီလို၊ ဘိန်းဖြူ(၁၂)မှု (၀.၀၈၆)ကီလို၊ စိတ်ကြွဆေးပြား(၈)မှု (၁၀၆၆၉)ပြား၊ ဆူဒိုအက်ဖီဒရင်း (၁၃)မှု (၇၁၈.၇၀၉)ကီလို၊ အဆင့်နိမ့်ဘိန်း(၁)မှု (၀.၀၁၂၁)ကီလို၊ ဘိန်းရည် (၀.၀၃၂)လီတာ၊ ဇိုလန် (၂၁၂၀၀၀)ပြား၊ အက်ဖီဒရင်း (၂)မှု (၄၄.၈၂၄၁)ကီလို တို့ကို သိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း (၅၃)မှု၊ တရားခံ ကျား(၆၈)ဦး၊ မ(၁၈)ဦး တို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ကလေး မူးယစ်အထူးအဖွဲ့မှ ဘိန်းမှု (၅)မှု (၁၁.၇၉၆၅)ကီလို၊ ဘိန်းဖြူ(၇)မှု (၀.၀၀၃၂)ကီလို၊ စိတ်ကြွဆေးပြား(၁)မှု (၃၇)ပြား၊ ဆူဒို အက်ဖီဒရင်း(၈)မှု (၂၀၁၈.၃၅)ကီလို သိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း(၂၁)မှု တရားခံ ကျား(၂၆)ဦး၊ မ(၅)ဦးတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ အလားတူ တမူး မူးယစ်အထူးအဖွဲ့မှ ဘိန်း(၁၀)မှု (၁.၇၇၁)ကီလို၊ ဘိန်းဖြူ(၁၁)မှု (၀.၁၉၃)ကီလို၊ စိတ်ကြွဆေးပြား(၅)မှု (၁၂၉၄၂၁)ပြား၊ အက်ဖီဒရင်း (၄)မှု (၁၃၆.၆)ကီလို၊ အက်ဖီဒရင်း(၄)မှု (၅၈.၅)ကီလိုတို့ကို သိမ်းဆည်းရမိနိုင်ခဲ့ပြီး စုစုပေါင်း (၃၄)မှု၊ တရားခံ ကျား(၄၅)ဦး၊ မ(၁၂)ဦးတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၂ ခုနှစ်မှာ ဆူဒိုအက်ဖီဒရင်းဆေးပြား အမှုပေါင်း (၃၄)မှု၊ ဆေးပြား(၄၀.၈)သန်းနဲ့အတူ တရားခံ(၇၄)ဦးကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် တရားစွဲဆိုတင်ပို့ခဲ့ရာ ထောင်ဒဏ်(၆)နှစ်မှ (၇)နှစ်အထိ ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇွန်လအထိ အမှုပေါင်း(၁၇)မှု၊ ဆေးပြား (၅.၄)သန်းနဲ့ တရားခံ (၂၇)ဦး ဖမ်းဆီးနိုင်ခဲ့ပြီး အဆိုပါအမှုများအားလုံးကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် တရားစွဲဆို တင်ပို့နိုင်ခဲ့ပြီး ထိရောက် ဟန့်တားတဲ့ ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိပါတယ်။

ဒိုင်အဖြစ် ဒိုင်ခံဝယ်ယူသူများ ဖမ်းဆီးနိုင်မှု မရှိသဖြင့် ဆူဒိုအက်ဖီဒရင်း ရောင်းဝယ်မှု ကြီးထွားလာမှုအပေါ် ကွင်းဆက်ဖော်ထုတ် အရေးယူဆောင်ရွက်မည့် အစီအမံနှင့် စပ်လျဉ်း၍ ဆူဒို အက်ဖီဒရင်း ဆေးပြားများကို အိန္ဒိယနိုင်ငံမှာ တရားဝင်ထုတ်လုပ်ပြီး အိန္ဒိယနိုင်ငံ၊ မိုရေးမှတစ်ဆင့် နယ်စပ်တရားမဝင် ဝင်ပေါက်များကိုအသုံးပြုပြီး မှောင်ခိုသယ်ဆောင်ကြတဲ့အတွက်(၁)နှစ်မှာ (၂)ကြိမ် အပြန်အလှန် ကျင်းပတဲ့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ အောက်ခြေအဆင့် မူးယစ်ဆေးဝါး သတင်းဖလှယ်တဲ့ အစည်းအဝေးများမှာ ညှိနှိုင်းချက်များအရ တားဆီးနှိမ်နင်းရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ တမူး-ကလေးဒေသမှာ ဒိုင်အဖြစ် ဒိုင်ခံဝယ်ယူသူများ မရှိကြောင်း၊ စုံစမ်းဖော်ထုတ်ချက် များနှင့် ဖမ်းဆီးရမိမှု ဖြစ်စဉ်များအရ စိစစ်တွေ့ရှိရပါတယ်။

အိန္ဒိယနိုင်ငံ၊ မိုရေးမြို့ဟာ လူနေအိမ်ခြေသိပ်သည်းခြင်း၊ မြို့အပြင်အနီးတစ်ဝိုက်မှာ တောအုပ်ထူထပ်ခြင်း၊ အိန္ဒိယနိုင်ငံမှာရှိတဲ့ သောင်းကျန်းသူအဖွဲ့အစည်းများ လှုပ်ရှားသွားလာမှု ရှိခြင်းများကြောင့် မိုရေးမြို့နဲ့ အနီးတစ်ဝိုက်မှာ ဆူဒိုအက်ဖီဒရင်းဆေးဝါးများ သိုလှောင်ထားရှိကြောင်း

ကိုလည်းစုံစမ်းသိရှိရပါတယ်။ တမူးမြို့ဟာ မိုရေးမြို့နဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိတဲ့ မြို့ဖြစ်လို့ မိုရေးမြို့မှာ ဆူဒိုအက်ဖီဒရင်းဆေးဝါးဒိုင်အဖြစ်သတင်းရရှိထားတဲ့ ကူကီးသူပုန်ခေါင်းဆောင် ထန်းစေး ဆိုသူအား မိုရေးမြို့မှာ နေထိုင်လျက်ရှိခြင်းကြောင့်လည်းကောင်း၊ ဆူဒိုအက်ဖီဒရင်းဆေးဟာ တစ်ဖက် အိန္ဒိယနိုင်ငံမှာ တရားဝင် မှတ်ပုံတင်ထားတဲ့ ဆေးဝါးဖြစ်နေခြင်းကြောင့် လည်းကောင်း၊ ၎င်းတို့ကို ဖမ်းဆီး ရမိရေးမှာ ခက်ခဲလျက်ရှိပါတယ်။ သို့ဖြစ်ရာ ဆူဒိုအက်ဖီဒရင်းဆေးများကို ရောင်းချခဲ့သူများက တစ်ဖက်နိုင်ငံ အိန္ဒိယနိုင်ငံသားများဖြစ်ကြောင်း သိရှိရတဲ့အတွက် ကွင်းဆက်တရားခံများ ဖမ်းဆီး ရမိရေးနှင့် ၎င်းဆေးဝါးများကို နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် ထိန်းချုပ်ပေးနိုင်ရေးအတွက် နှစ်နိုင်ငံ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး၊ နယ်စပ်နယ်ဘက် အာဏာပိုင် အစည်းအဝေး၊ အောက်ခြေ အရာရှိအဆင့် မူးယစ်ဆေးဝါး သတင်းဖလှယ်ပွဲများနဲ့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်၊ တမူး-မိုရေး နယ်စပ်ဆက်ဆံရေးရုံး အစည်းအဝေးများမှာ ထည့်သွင်းဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ရေးများကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသနဲ့ တမူးဒေသများမှာ မူးယစ်ဆေးဝါးတရားမဝင် သယ်ဆောင်ရောင်းဝယ်မှုများရှိကြောင်းနဲ့ တာဝန်ရှိတဲ့ ဌာနဆိုင်ရာများ ပါဝင်ပတ်သက်ကျူးလွန် နေကြောင်း သတင်းအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ဦးဆောင်ပြီး မှုခင်းရဲတပ်ဖွဲ့၊ သတင်း ရဲတပ်ဖွဲ့၊ မူးယစ်(အထူး)အဖွဲ့၊ အထူးရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနဲ့ ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပါဝင်တဲ့ အဖွဲ့က ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှ ဇူလိုင်လ ၂ ရက်နေ့အထိ ကလေးမြို့မှာ အခြေပြုပြီး တမူးမြို့နဲ့ ကလေးမြို့မှာ မူးယစ်ဆေးဝါး သယ်ယူ/သိုလှောင်/ရောင်းချတဲ့ သတင်းများကို စုံစမ်းအတည်ပြုခဲ့ပြီး ရှောင်တခင် စီးနင်းရှာဖွေခြင်းနဲ့ သတင်းကွင်းဆက်အရ ဖော်ထုတ်ဖမ်းဆီးခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ထူးခြားဖြစ်စဥ်အနေနဲ့ ကလေးမြို့မှ မန္တလေးမြို့နဲ့ လားရှိုးမြို့များသို့ ဆူဒိုအက်ဖီဒရင်း ဆေးပြားများ သယ်ဆောင်ရောင်းဝယ်မှု ပြုလုပ်လျက်ရှိတဲ့ အဖွဲ့တစ်ဖွဲ့ကို ဖော်ထုတ်နိုင်ခဲ့ပြီး ကွင်းဆက် ဖော်ထုတ် အရေးယူဆောင်ရွက်ချက်များကို အချိန်နဲ့တစ်ပြေးညီ ဆက်လက်အရေးယူ ဆောင်ရွက် ခဲ့ရာမှာ မန္တလေးမြို့နဲ့ လားရှိုးမြို့မှာ စုစုပေါင်း တရားခံ(၁၈)ဦးကို ဖော်ထုတ်အရေးယူနိုင်ခဲ့ပြီး (၆)ဦးကို ဖမ်းဆီးရမိရေး ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။

မန္တလေးမြို့မှာ အက်ဖီဒရင်း(၄၀)ကီလို၊ ဆူဒိုအက်ဖီဒရင်း ဆေးပြား(၃၅၂,၃၆၃)ပြား၊ Coolact တံဆိပ်ပါ ဆူဒိုအက်ဖီဒရင်းဆေးပြား(၇၀,၀၀၀)ပြား၊ ဆူဒိုအက်ဖီဒရင်းအမှုန့်(၅.၇)ဂရမ်၊ ဆူဒိုအက်ဖီဒရင်းအကြေမှုန့်(၁၄၆.၇)ကီလို၊ ဆူဒိုအက်ဖီဒရင်းဆေးကတ်(၁၆၆)ကတ်၊ အပြားရေ အားဖြင့် (၁၅၄၁)ပြား၊ အိုက်စ်(၂၅၀) ဂရမ်၊ လက်ကိုင်ဖုန်း(၂)လုံး၊ ယာဥ်(၂)စီးနဲ့ ဆက်စပ်ပစ္စည်းများ၊ လားရှိုးမြို့မှာ ဆူဒိုအက်ဖီဒရင်းဆေးပြား (၆၀၀)ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား(၁၀၀)ပြား၊ ပစ္စတို သေနတ်(၁)လက်နဲ့ ၎င်း ကျည်(၁၂)တောင့်၊ မိန်းမကိုင် (၅)လုံးပြူး သေနတ်(၁)လက်နဲ့ ၎င်းကျည် (၁၇)တောင့်တို့ကို ဖမ်းဆီးဖော်ထုတ် အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆူဒိုအက်ဖီဒရင်းများကို အဓိကဝယ်ယူတဲ့ လားရှိုးမြို့နေ စိုင်းလှထွန်း (ခ) အိုက်ကျိုင်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မြန်မာ- တရုတ်နယ်စပ်သို့ ထွက်ပြေးလွတ်မြောက်လျက်ရှိလို့ ၎င်းတရားခံကို ဖမ်းဆီးရမိရေးအတွက် တစ်ဖက် နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီလို စီးနင်းရှာဖွေ ဖော်ထုတ်ချက်များအရ ၂၀၁၃

ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိ ဘိန်းဖြူ(၁၂၁.၄၁)ဂရမ်၊ ဘိန်းစိမ်း(၇.၄၄၃) ကီလိုဂရမ်၊ စိတ်ကြွဆေးပြား (၃,၃၅၉)ပြားနဲ့ အက်ဖီဒရင်း(၂.၁၇၅)ကီလိုဂရမ်၊ ဆူဒိုအက်ဖီဒရင်း (၁,၃၇၅,၈၅၀)ပြား၊ ဆူဒိုအက်ဖီဒရင်း အကြေ (၁၆၉.၅)ကီလိုဂရမ်၊ အိုက်စ်(၂)ဂရမ်၊ စုစုပေါင်း ခန့်မှန်း တန်ဖိုး ကျပ်သိန်းပေါင်း (၃၀၁၀.၄၃)ကျပ် တို့နဲ့အတူ တရားခံ ကျား(၅၉)ဦးနဲ့ မ(၁၈)ဦး၊ စုစုပေါင်း တရားခံ(၇၇)ဦး တို့ကို ဖမ်းဆီးရမိခဲ့ပါတယ်။

အထက်ပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဝန်ထမ်းစည်းမျဉ်းများနဲ့ မညီညွတ်ဘဲ မူးယစ်ဆေးဝါး ကိစ္စ၊ တရားမဝင် မော်တော်ယာဉ်ကိစ္စများမှာ ပါဝင်ပတ်သက်နေတဲ့ ရဲတပ်ဖွဲ့ဝင်(၈)ဦးကိုလည်း ဝန်ထမ်း စည်းမျဉ်းစည်းကမ်းအပြင် တရားဥပဒေနဲ့အညီ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ သံသယရှိသူများကိုလည်း အရေးယူနိုင်ရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းလျက် ဆက်လက်စောင့်ကြည့်ဆောင်ရွက်လျက် ရှိပါတယ်။

အထက်ပါအမှုများနှင့်ပတ်သက်၍ ၃ခ/၉၁၂၂ (Chaser) ယာဉ်(၁)စီး၊ ၇ဃ/၄၉၂၂ (Mark II) ယာဉ်(၁)စီး၊ ၆ခ/၉၀၁၅ (Surf) ယာဉ်(၁)စီး၊ ၆က/၅၉၆၀ (Mark II) ယာဉ်(၁)စီးနဲ့ ၆င/၉၆၁၂ (Land Cruser) ယာဉ်(၁)စီး၊ စုစုပေါင်း မော်တော်ယာဉ်(၅)စီး၊ အမေရိကန်ဒေါ်လာ (၄)ဒေါ်လာ၊ အိန္ဒိယရူပီးငွေ (၁၆၃၅)ရူပီး၊ တရုတ်ယွမ်ငွေ (၁၃၆,၀၁၄)ယွမ်၊ ထိုင်းဘတ်ငွေ (၁၄,၃၂၀)ဘတ်၊ မြန်မာကျပ်ငွေ (၄,၀၃၇,၂၂၅)ကျပ်တို့ကိုလည်း သိမ်းဆည်းရမိခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တွင် ဖမ်းဆီးရမိသော ဆူဒိုအက်ဖီဒရင်း၊ လက်နက်များနှင့် ပတ်သက်၍ မည်သို့မည်ပုံကွင်းဆက်ဖော်ထုတ် အရေးယူဆောင်ရွက်မည်၊ လက်နက်များကြောင့် ဒေသခံပြည်သူများ စိုးရိမ်ကြောင့်ကြနေမှုအပေါ် မည်သို့ ဆောင်ရွက်ပေးမည်၊ တရားမဝင် ရလာသော ငွေကြေးများကို မည်သို့ထိန်းချုပ်မည်၊ ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများအပေါ် မည်သို့ အရေးယူ ဆောင်ရွက်မည် စသည်တို့နဲ့ စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တမူးမြို့၊ စန္ဒကူး(၃)ရပ်ကွက်မှာနေတဲ့ ဦးစိုးမြင့်ဝင်း နဲ့ ဇနီး ဒေါ်ဖြူဖြူဝင်း တို့ကို ဆူဒိုအက်ဖီဒရင်း (၁,၀၀၈,၀၀၀)ပြား၊ (၁၀၀,၈)ကီလို၊ လက်နက်မျိုးစုံ (၉၆)လက်နဲ့အတူ ဖမ်းဆီးရမိတဲ့ဖြစ်စဉ်က ဆေးပြားများကို ငွေပေးပြီး သယ်ဆောင်ခိုင်းတဲ့ ကွင်းဆက်တရားခံ ပိုင်ရှင်ဖြစ်တဲ့ ဦးရဲဝင်းစိုး သည် မန္တလေးမြို့ကို ကြိုတင်ထွက်ခွာသွားကြောင်း သိရှိရလို့ ဆက်စပ်မူးယစ်(အထူး)အဖွဲ့များကို ဓာတ်ပုံ များ ပေးပို့အကြောင်းကြားခြင်း၊ ဆက်စပ်နေအိမ်များကို သက်သေများနဲ့အတူ သွားရောက်ရှာဖွေ စုံစမ်းစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ပြီး ဖမ်းဆီးရမိရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့ဝင်များနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဖမ်းဆီးရမိခဲ့တဲ့ တရားခံ ဦးစိုးမြင့်ဝင်း၊ ဒေါ်ဖြူဖြူဝင်းနဲ့ ကွင်းဆက်တရားခံ ဦးရဲဝင်းစိုး (တိမ်းရှောင်)တို့ (၃)ဦးကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅/၁၆(ခ)၊ ၂၂(ခ)/၂၁ တို့အရ တမူးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီးအမှုအမှတ်၊ ၁၁/၂၀၁၃ ဖြင့် လက်ခံစစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ တမူးခရိုင်တရားရုံးမှ တရားလိုပြ သက်သေများကို စစ်ဆေးပြီး တရားခံ ဦးစိုးမြင့်ဝင်း ကို မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၆(ခ)၊ ၂၂(ခ) လက်နက်များ နှင့်အတူ ဖမ်းဆီးရမိ၍ မူး/စိတ် ပုဒ်မ ၂၂(ခ)အရ လည်းကောင်း၊ ဒေါ်ဖြူဖြူဝင်း ကို မူးယစ်ဆေးဝါးနှင့်

စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၆(ခ)အရလည်းကောင်း၊ စွဲချက်တင်ထား ရာမှာ ဒေါ်ဖြူဖြူဝင်း က ၎င်းအပေါ် စွဲချက်တင်မှုနဲ့ ပတ်သက်၍ ကျေနပ်မှုမရှိတဲ့အတွက် စစ်ကိုင်း တိုင်းဒေသကြီး တရားလွှတ်တော်သို့ ပြင်ဆင်မှု တက်ရောက်ခဲ့လို့ အမှုတွဲကို တိုင်းဒေသကြီးတရား လွှတ်တော်မှ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ တမူး၊ ကလေးဒေသများမှာ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ ပပျောက်ရေးအတွက် အထူးစီမံချက်ချ စီမံဆောင်ရွက်လျက်ရှိကြောင်းနဲ့ ကွင်းဆက်တရားခံများကို လည်း အချိန်နှင့်တစ်ပြေးညီ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားမဝင် ရရှိလာသော ငွေကြေးများ၊ ပိုင်ဆိုင်မှုများ ပေါ်ပေါက်ပါက ထိရောက်စွာ ထိန်းချုပ်နိုင်ရေး အတွက် တရားမဝင်သော နည်းလမ်းဖြင့် ရရှိတဲ့ ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့မှ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တားဆီးနှိမ်နင်းရေးကဏ္ဍမှာ ကလေးမူးယစ်အထူးအဖွဲ့နဲ့ တမူး မူးယစ်အထူးအဖွဲ့ကို မူလဖွဲ့စည်းပုံကို အသစ်ပြင်ဆင်တိုးချဲ့၍ နယ်မြေခံ ရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ ဂန့်ဂေါမြို့နယ်အတွင်း ကုက္ကားကျေးရွာ၊ တော်ဝင်ကျေးရွာ၊ သင်တော ကျေးရွာ၊ စန်းမြို့ကျေးရွာနှင့် ကုန်းရွာကျေးရွာများ အုပ်စုကျေးရွာများအဖြစ် မည်သည့်အချိန်တွင် သတ်မှတ်ပေးမည်ဆိုသော မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်လို့ ပြဋ္ဌာန်းထားရှိပါတယ်။

မကွေးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ ပထမအကြိမ် တတိယပုံမှန်အစည်းအဝေးမှာ မေးမြန်းတဲ့ ဂန့်ဂေါမြို့နယ်ရှိ မိမိကိုယ်ပိုင် ရပ်တည်လိုသော စန်းမြို့ရွာ၊ သင်တောရွာ၊ ကုက္ကားရွာ၊ တော်ဝင်ရွာများအား သီးခြားလွတ်လပ်သော ကျေးရွာများအဖြစ် သတ်မှတ်ပေးရန်ကိစ္စနဲ့ စပ်လျဉ်းလို့ အမှုတွဲများ ပြုစုပြီး လုပ်ထုံးလုပ်နည်းများနှင့် အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စတုတ္ထပုံမှန်အစည်းအဝေး မှာ ရှင်းလင်းဖြေကြားခဲ့ပြီး ဖြေကြားချက်နဲ့အညီ အဆိုပါ ကျေးရွာများကို ကျေးရွာအုပ်စုအသစ်များ အဖြစ် ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှလည်း ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲပါ စာအမှတ်ဖြင့် နိုင်ငံတော်သမ္မတရုံးသို့ အဆင့်ဆင့် တင်ပြဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီလို တင်ပြဆောင်ရွက်ရာမှာ စန်းမြို့ကျေးရွာ၊ လယ်ကြီးကျေးရွာ၊ ဝင်ဝကျေးရွာ၊ လယ်ကြီး(အရှေ့) ကျေးရွာနဲ့ စန်းမြို့ကျေးရွာတွေမှာပါတဲ့ ကျေးရွာ(၄)ရွာဖြင့် ဖွဲ့စည်းထားတဲ့ လယ်ကြီးကျေးရွာအုပ်စုမှာ ပါဝင်ပြီး အိမ်ခြေ(၁၅၉)အိမ်၊ အိမ်ထောင်စု(၁၆၅)စုနဲ့ လူဦးရေ(၇၂၄)ဦး၊ သင်တောကျေးရွာဟာ ရွှေဘိုကျေးရွာနဲ့ သင်တောကျေးရွာပါတဲ့ ကျေးရွာ(၂)ရွာဖြင့် ဖွဲ့စည်းထားတဲ့ ရွှေဘိုကျေးရွာအုပ်စုမှာ ပါဝင်ပြီး အိမ်ခြေ(၁၉၆)အိမ်၊ အိမ်ထောင်စု(၁၉၆)စုနဲ့ လူဦးရေ(၈၇၀)ဦး၊ ကုက္ကားကျေးရွာက ဟံသာဝတီကျေးရွာနဲ့ ကုက္ကားကျေးရွာပါတဲ့ ကျေးရွာ(၂)ရွာဖြင့် ဖွဲ့စည်းထားတဲ့ ဟံသာဝတီကျေးရွာအုပ်စုမှာပါဝင်ပြီး အိမ်ခြေ(၂၃၁)အိမ်၊ အိမ်ထောင်စု(၂၃၁)စုနဲ့ လူဦးရေ(၁၀၃၆)ဦး၊ တော်ဝင်ကျေးရွာက နှမ်းခါးကျေးရွာနဲ့ တော်ဝင်ကျေးရွာပါတဲ့ ကျေးရွာ(၂)ရွာဖြင့် ဖွဲ့စည်းထားတဲ့ နှမ်းခါးကျေးရွာအုပ်စုမှာ ပါဝင်ပြီး အိမ်ခြေ(၁၃၂)အိမ်၊ အိမ်ထောင်စု(၁၃၂)စုနဲ့ လူဦးရေ(၆၀၄)ဦး စသည်ဖြင့် အသီးသီးဖွဲ့စည်း တည်ရှိဆောင်ရွက်လျက်ရှိတာကို စိစစ်တွေ့ရှိ ရပါတယ်။

အဆိုပါ ကျေးရွာများဟာ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်ဖြင့် ဖွဲ့စည်းတည်ရှိခဲ့တဲ့ ကျေးရွာအုပ်စုနဲ့ ကျေးရွာများဖြစ်ပြီး၊ ကျေးရွာအုပ်စုအသစ်အဖြစ် တိုးချဲ့ဖွဲ့စည်းမည့် ကျေးရွာ(၄)ရွာမှာ အိမ်ခြေအများဆုံးကျေးရွာက အိမ်ခြေ(၂၀၀)ကျော်၊ လူဦးရေမှာလည်း (၁၀၀၀)ဝန်းကျင်သာရှိတဲ့အတွက် အိမ်ခြေ၊ လူဦးရေနည်းပါးခြင်း၊ ပြင်ဆင်ဖွဲ့စည်းမည့် ကျေးရွာအုပ်စု(၄)အုပ်စုမှာလည်း (၂)ရွာ၊ (၁)အုပ်စုဖြင့် ဖွဲ့စည်းထားတဲ့ ကျေးရွာအုပ်စု(၃)အုပ်စုရှိပြီး၊ (၄)ရွာ(၁)အုပ်စုဖြင့် ဖွဲ့စည်းထားတဲ့ ကျေးရွာအုပ်စု(၁)အုပ်စုသာရှိတဲ့အတွက် ကျေးရွာအုပ်စု(၁)အုပ်စုအတွင်း ကျေးရွာပေါင်း(၁၀)ရွာ၊ (၂၀)ရွာ၊ (၃၀)ရွာ စသည်ဖြင့် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ ကျေးရွာအုပ်စုများနဲ့ နှိုင်းယှဉ်ပါက ကျေးရွာခွဲ အလွန်နည်းနေသည့်အပြင် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများ ပိုမိုများပြားလာနိုင်ခြင်းတို့ကြောင့် ကျေးရွာအဆင့်တွင် ဆက်လက်ထားရှိရန် နိုင်ငံတော် သမ္မတရုံးမှ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်စွဲပါစာအမှတ်ဖြင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အကြောင်းကြား ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ဂန့်ဂေါမြို့နယ်၊ မြင်သားကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကုန်းကျေးရွာကို သီးခြားကျေးရွာအုပ်စုအဖြစ် သတ်မှတ်ပေးရန်ကိစ္စနှင့် ပတ်သက်လို့ ကုန်းကျေးရွာက မြင်သားကျေးရွာနဲ့ ကုန်းကျေးရွာပါတဲ့ ကျေးရွာ(၂)ရွာဖြင့် ဖွဲ့စည်းထားသော မြင်သားကျေးရွာအုပ်စုမှာ ပါဝင်ပြီး အိမ်ခြေ(၃၈၀)အိမ်၊ အိမ်ထောင်စု(၃၈၀)စုနဲ့ လူဦးရေ(၁၇၂၇)ဦးသာ ရှိတဲ့ ကျေးရွာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးရွာအုပ်စုအတွင်း ပါဝင်ဖွဲ့စည်းထားတဲ့ ကျေးရွာများပြားမှု မရှိခြင်း၊ သီးခြား အုပ်စုအဖြစ် ဖွဲ့စည်းရန် တောင်းဆိုထားတဲ့ ကျေးရွာများရဲ့ အိမ်ခြေ၊ အိမ်ထောင်စု လူဦးရေနည်းပါးခြင်းတို့ကြောင့် သီးခြားကျေးရွာအုပ်စု ဖွဲ့စည်းမည်ဆိုပါက အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များ ပိုမိုများပြားလာနိုင်သဖြင့် တင်ပြထားတဲ့ ကျေးရွာများအား ကျေးရွာအုပ်စုအဖြစ် သတ်မှတ်ဖွဲ့စည်းပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ရဲ့ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ အောင်ဆန်းနယ်မြေ၊ မြို့သစ်ရပ်ကွက်တွင် တည်ရှိတဲ့ အမှတ်(၃)မီးသတ်စခန်းအား မီးသတ်စခန်းအင်္ဂါရပ်နှင့်

ညီညွတ်မှုရှိစေရန်၊ မီးသတ်ယာဉ်၊ မီးသတ်ရဲဝန်ထမ်းများ ပြန်လည်ထားရှိပေးနိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနဟာ နိုင်ငံတော်အတွင်း မီးဘေး လုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း များကို ရည်မှန်းချက်တာဝန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော် အတွင်းမှာရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်အသီးသီးမှာ ဒေသမီးဘေးလုံခြုံရေးအတွက် လိုအပ် သော မီးသတ်ယာဉ်နှင့် အဆောက်အဦးများကို နိုင်ငံတော်ရဲ့ ခွင့်ပြုဘဏ္ဍာငွေဖြင့် ဖြည့်တင်းခြင်း၊ ပြည်တွင်း/ပြည်ပအလှူရှင်များမှ ဖြည့်တင်းလှူဒါန်းခြင်း၊ ဒေသအလိုက် မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအဖွဲ့များမှ ကိုယ့်အားကိုယ်ကိုးနည်းလမ်းများဖြင့် ဖြည့်တင်းခြင်း စတဲ့ နည်းလမ်း (၃)သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်ဟာ လက်ရှိမီးသတ်ဦးစီးဌာနရဲ့ ခွင့်ပြုဖွဲ့စည်းပုံ အရ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၇)ဦး၊ ခွင့်ပြုအင်အား(၂၅)ဦးရဲ့ သုံးပုံနှစ်ပုံ၊ မီးသတ်ယာဉ်(၅)စီး ပါဝင်တဲ့ (၅)ယူနစ်အဆင့်ဖြစ်ပြီး လက်ရှိမှာလည်း သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၇)ဦးနဲ့ မီးသတ်ယာဉ် (၇)စီး၊ မြို့ပေါ်အရန်မီးသတ်တပ်ဖွဲ့ဝင် (၉၈၅)ဦးနဲ့ ပူးပေါင်းပြီးတော့ မိတ္ထီလာမြို့နယ်ရဲ့ မီးဘေးကြိုတင် ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိပါတယ်။

ဖွဲ့စည်းပုံအရ ဖြည့်တင်းခန့်ထားပြီး တပ်ဖွဲ့ဝင်(၁၇)ဦးနဲ့ မီးသတ်ယာဉ်(၇)စီးကို ဖြန့်ခွဲထားမှု အခြေအနေမှာ မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက် မီးသတ်စခန်းအမှတ်(၁)မှာ မီးငြိမ်းသတ်ယာဉ် (၂)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ မီးသတ်စက်ယာဉ်(၁)စီး စုစုပေါင်း(၄)စီးနဲ့ သန္ဓေမီးသတ် တပ်ဖွဲ့ဝင် (၁၁)ဦး။ မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ မီးသတ်စခန်းအမှတ်(၂)မှာ မီးငြိမ်းသတ် ယာဉ်(၁)စီး၊ မီးသတ်စက်ယာဉ်(၁)စီး စုစုပေါင်း(၂)စီးနဲ့ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၃)ဦး၊ ဒေသအရန် မီးသတ်တပ်ဖွဲ့မှ နေ့စဉ်အလှည့်ကျ တာဝန်ထမ်းဆောင်နေတဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦး။ ၁၉၉၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှာ မိတ္ထီလာမြို့ကြီး မီးလောင်မှုဖြစ်ပွားပြီးနောက်ပိုင်းမှာ အောင်ဆန်း ရပ်ကွက်မှာ မီးသတ်စခန်းအမှတ်(၃) တစ်ခုကို တိုးချဲ့တည်ဆောက်ပြီး တာဝန်ချထားခဲ့တဲ့ မီးငြိမ်းသတ် ယာဉ်(၁)စီးနဲ့ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် (၃)ဦးတို့ကို အသီးသီးတာဝန်ပေးအပ်လျက်ရှိပါတယ်။

ဒါ့အပြင် ဈေးအရန်မီးသတ်တပ်ဖွဲ့နဲ့ စက်မှုဇုန်အရန်မီးသတ်တပ်ဖွဲ့တို့တွင်လည်း မီးသတ်ယာဉ် (၁)စီးစီနဲ့အတူ အရန်မီးသတ်တပ်ဖွဲ့ဝင် (၁၅)ဦးစီကိုလည်း တာဝန်ချထားပြီး ဖြစ်ပါတယ်။ သို့ရာတွင် အမှတ်(၃)မီးသတ်စခန်း အနေဖြင့် ဖွဲ့စည်းပုံအင်အားအရ အချိန်ပြည့်တာဝန် ထမ်းဆောင်ခြင်း မပြုနိုင်တဲ့အတွက် မီးဘေးစိုးရိမ်ရတဲ့ နွေရာသီကာလများမှအပ သာမန်အချိန်များမှာ ၎င်းမီးငြိမ်းသတ် ယာဉ်(၁)စီးနဲ့ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၃)ဦးတို့ကို အမှတ်(၁) မီးသတ်တပ်ဖွဲ့စခန်းမှာ မီးသတ်စွမ်းရည် (၄) ရပ် ပြည့်ဝစေရေးအတွက် လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ ယာဉ်/စက်ပြင်ဆင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိပြီး အောင်ဆန်းရပ်ကွက်၊ အမှတ်(၃)မီးသတ်စခန်းမှာ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် ဒေသအရန်မီးသတ် တပ်ဖွဲ့ဝင်များကို နေ့စဉ်အလှည့်ကျ တာဝန်ထမ်းဆောင်စေခဲ့ပါတယ်။

နိုင်ငံတော်အတွင်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ် ဆယ်ရေးနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် မီးသတ်

စခန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အဆိုပြုဖွဲ့စည်းပုံ ရေးဆွဲတင်ပြထားပြီးဖြစ်ရာ မိတ္ထီလာမြို့ဟာ ခရိုင်အဆင့် ဖြစ်တဲ့အတွက် ခရိုင်အဆင့် မီးသတ်စခန်း(၁)ခု၊ မြို့နယ်အဆင့် မီးသတ်စခန်း(၁)ခုနဲ့ နယ်မြေအဆင့် မီးသတ်စခန်း(၂)ခုတို့ကို အဆိုပြုဖွဲ့စည်းပုံမှာ ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါတယ်။ အဆိုပြု တင်ပြထားတဲ့ ဖွဲ့စည်းပုံမှာ မိတ္ထီလာမြို့နယ်၊ အောင်ဆန်း ရပ်ကွက်မှာရှိတဲ့ အမှတ်(၃)မီးသတ်စခန်းကို နယ်မြေအဆင့် သတ်မှတ်ထားရှိပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိပါက မီးငြိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ် ရေယာဉ်(၁)စီးနဲ့ လက်ထောက်မီးသတ်ဦးစီးမှူး (၁)ဦး၊ အဆင့်အလိုက် မီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦး၊ စုစုပေါင်း(၁၁)ဦး၊ မီးသတ်ယာဉ်(၂)စီးတို့ဖြင့် အမြဲတမ်း ထာဝန်ချထားဆောင်ရွက်သွားမှာဖြစ်ပြီး ယခု အမှတ်(၃) မီးသတ်စခန်းမှာ မီးဘေးကြိုတင် ကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေး လုပ်ငန်းများကို ဆောင်ရွက် နိုင်ရန်အတွက် လက်ရှိခွင့်ပြုအင်အားမှ ထုတ်နှုတ်ပြီး မီးသတ် တပ်ကြပ်(၁)ဦး၊ မီးသတ် တပ်သား(၂)ဦး စုစုပေါင်း (၃)ဦးနဲ့အတူ ယာဉ်အမှတ်၊ စ/၇၄၅၄ တိုယိုတာ မီးငြိမ်းသတ်ယာဉ်(၁)စီးကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့မှာ ဖြန့်ခွဲတာဝန် ချထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေရှင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စတုတ္ထအကြိမ်တုန်းက ပြည်ထောင်စုဝန်ကြီး ဖြေကြားသွားတာဟာ ပြည်သူ့ဆန္ဒနဲ့အညီ အမှုတွဲ ပြုစုပြီးတော့ လုပ်ထုံးလုပ်နည်းနဲ့အညီ နိုင်ငံတော် သမ္မတဆီကို တင်ပြမယ်လို့ ဖြေကြားသွားပါတယ်။ အခုလည်း အဲဒီအတိုင်းပဲ တင်ပြလိုက်တဲ့အခါမှာ လူထုကလည်း သီးခြားရပ်တည်တဲ့ အုပ်စုကျေးရွာအဖြစ် နေချင်တယ်။ ဝန်ကြီးချုပ်ကလည်း သဘောတူတယ်။ ပြည်ထောင်စုဝန်ကြီးကလည်း တင်ပေးတယ်။ အဲဒီတော့ အခု ဝန်ကြီး ဖြေကြား သွားတဲ့ အတိုင်းဆိုရင် ဒါ ကတိကဝတ် ဖြစ်သွားတယ်လို့ ကျွန်တော်တို့အနေနဲ့ မှတ်ယူရမှာ ဖြစ်တယ်။ ဟိုမှာ ရွာတွေက ရုံးတွေတောင် ကိုယ်ထူကိုယ်ထ အစီအစဉ်နဲ့ ဆောက်ပြီး ကြပါပြီ၊ ဒါကတော့ ရတော့မှာပဲဆိုပြီး၊ ဒါပေမယ့်လို့ ခု သမ္မတရုံးက ဒါကိုပယ်ချလိုက်တယ်ဆိုတော့ ဒေသခံ ပြည်သူတွေရဲ့ ဆန္ဒကလည်း သီးခြားရပ်တည်လိုတယ်၊ အုပ်စုဖြစ်ချင်တယ်၊ ဝန်ကြီးချုပ်ကလည်း ထောက်ခံတယ်။ ပြည်ထောင်စုဝန်ကြီးကလည်း တင်ပေးတယ်။ သမ္မတရုံးကသာလျှင် သဘောမတူဘူးဆိုတာ ဖြစ်တဲ့ အတွက်ကြောင့် ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေးတို့၊ ပြည်သူ့ဆန္ဒကို နားထောင်ကြဆိုတာ ဒါတွေနဲ့ လွဲချော်နေတယ်။ အဲဒီတော့ သမ္မတရုံးက ပြောနေတာ ပြည်သူ့ဗဟိုပြု အုပ်ချုပ်ရေးတို့၊ ပြည်သူတွေရဲ့ ဆန္ဒအတိုင်း ဆောင်ရွက်ကြရအောင် စသည်ဖြင့် ပြောနေသော်လည်းပဲ လက်တွေ့မှာတော့ ပြည်သူ့ ဆန္ဒနဲ့ ဝေးကွာနေတဲ့အတွက်ကြောင့် ကတိကဝတ်ဖြစ်/မဖြစ် ကျွန်တော့်အနေနဲ့ ထပ်မံမေးမြန်းလို ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဗိုလ်ချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာ ၉-၇-၂၀၁၂ ရက်နေ့မှာ ကျွန်တော့်အနေနဲ့ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားသလို ကျွန်တော်တို့ ဖြေကြားခဲ့ရာမှာ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ ၅၄ မှာပါတဲ့အတိုင်း

ကျွန်တော်တို့ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ဒီလိုဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာ မြို့နယ်က တစ်ဆင့် ပြုစုပြီးတော့ တင်ပြရတာ ဖြစ်ပါတယ်။ မြို့နယ်က ပြည်သူလူထုရဲ့ ဆန္ဒနဲ့အတူ တင်ပြပြီးတဲ့ အခါမှာ ခရိုင်၊ ခရိုင်ကနေ စိစစ်ပြီးတော့ သက်ဆိုင်ရာ တိုင်းအုပ်ချုပ်ရေးဦးစီးဌာနကို တင်ပြရပါတယ်။

သက်ဆိုင်ရာ တိုင်းအုပ်ချုပ်ရေးဦးစီးဌာနကနေတစ်ဆင့် ကျွန်တော်တို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရရဲ့ ထောက်ခံချက်နဲ့အတူ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြရတာ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့လည်း အဲဒီ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၉-၇-၂၀၁၂ ရက်နေ့မှာ အဲဒီအတိုင်းပဲ ကျွန်တော်တို့ ပြုစုပြီး တင်ပြမယ်လို့ ပြန်လည်ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဟာကို လုပ်ပေးမယ်လို့ တင်ပြခဲ့တာ မဟုတ်ပါဘူး။ ဒီဟာကို နိုင်ငံတော်သမ္မတရုံးကို တင်ပြမယ်။ ခုနကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသလိုပဲ၊ ကျွန်တော်တို့ အဆင့်ဆင့် တိုင်းဒေသကြီးက တင်ပြသလို ကျွန်တော်တို့ဆီကလည်း ပြုစုပြီး တင်ပြပါတယ်။ နိုင်ငံတော်သမ္မတရုံး အနေနဲ့ကတော့ ခုနကလို ကျွန်တော်တို့ ကျေးရွာအုပ်စုနည်းတာရယ်၊ လူဦးရေ နည်းပါးတာရယ်၊ နောက်အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုကိစ္စတွေမှာ ရှုပ်ထွေးနိုင်တဲ့အတွက် ဒါကို သုံးသပ် ဆုံးဖြတ်ပြီးတော့ ဒါ လက်ရှိအတိုင်းပဲ၊ ကျေးရွာအဆင့်ပဲ ထားရှိသင့်တယ်ဆိုပြီးတော့ ဆုံးဖြတ်ခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ပြည်နယ်မှာရှိတဲ့ ကျေးရွာအုပ်စုများကို ပြန်ကြည့်တဲ့ အခါမှာ ကျွန်တော်တို့ ကျေးရွာအုပ်စုတွေဟာ ကျွန်တော် ခုနက တင်ပြခဲ့တဲ့အထဲမှာ ပါပြီးဖြစ်ပါတယ်။ ကျေးရွာ အနည်းဆုံး (၁၀)ရွာ၊ (၁၃)ရွာ၊ (၁၄)ရွာ၊ ရွာ(၃၀) အဲဒါတွေပြန်ကြည့်တဲ့အခါမှာ လူဦးရေက (၂၀၀၀)၊ တချို့ စစ်ကိုင်းတိုင်းဒေသကြီး ဆားတောင်ဆိုရင် (၁၁၀၂၃)ဦးတောင် ရှိပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ဒီကျေးရွာအုပ်စုတွေက နှစ်ရွာတစ်အုပ်စု၊ လေးရွာ တစ်အုပ်စု၊ လူဦးရေကြည့်တဲ့အခါမှာလည်း အိမ်ခြေ(၂၀၀)နဲ့ အလွန်ဆုံးရှိတာ လူဦးရေ(၁၀၀၀)ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ ကြည့်မယ်ဆိုရင် အနည်းဆုံးရှိတဲ့ ကျေးရွာ အုပ်စုကို လူ(၂၀၀၀)ပတ်ဝန်းကျင်လောက်ရှိပြီးတော့ အခု ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတာ (၁၀၀၀)ပဲရှိတဲ့အတွက် ဒါကိုလည်းကျွန်တော်တို့ ပြုစုတင်ပြပြီး ဖြစ်ပါတယ်။ တင်ပြတဲ့အတိုင်းပဲ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ ဆုံးဖြတ်ပြီးတော့ လက်ရှိ ကျေးရွာအဆင့်ပဲ ထားရှိမယ်ဆိုပြီး ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ကျွန်တော် ပြန်လည်ဖြေရှင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်း တွေဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်(တောင်ပိုင်း)၊ မင်းတပ်မြို့၏ ရေဖြန့်ဝေမှုတွင် လိုအပ်နေသည့် (၂)လက်မပိုက်များ ဆက်လက်ပံ့ပိုးပေးနိုင်ပါရန် နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က ချင်းပြည်နယ်(တောင်ပိုင်း)၊ မင်းတပ်မြို့၏ ရေဖြန့်ဝေမှုတွင် လိုအပ်နေသည့် (၂)လက်မပိုက်များ ဆက်လက်ပံ့ပိုးပေးနိုင်ပါရန်နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ချင်းပြည်နယ်(တောင်ပိုင်း)၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့ရဲ့ (၄)ရပ်ကွက်သို့ ရေဖြန့်ဝေမှုတွင် လိုအပ်နေတဲ့ (၂)လက်မပိုက်များ ဆက်လက်ပံ့ပိုးကူညီပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်တောင်ပိုင်းရှိ မင်းတပ်မြို့ဟာ ခရိုင်မြို့တစ်မြို့ဖြစ်ပြီး ခင်ရိုးပေါ်တွင် အရှေ့မှ အနောက်သို့(၄)မိုင်ကျော် (၅)မိုင်နီးပါး မြို့တန်းရှည် တစ်မြို့ ဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းရာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ မင်းတပ်မြို့မှ (၁၄)မိုင်၊ မွန်လောင်းချောင်းမှ (၈)မိုင် (၆)ဖာလုံ၊ ရေစုကန်သို့ အရှည်အားဖြင့် (၅)မိုင်၊ (၄)ဖာလုံ (၄)လက်မ ပိုက်များအတွက် ကုန်ကျငွေ သိန်း(၄၆၀)နဲ့ (၃)မိုင်လမ်းခွဲ၊ စံမင်းသီရိဘုရားကုန်းအထိ မြို့တွင်းပိုက်အတွက် သိန်း(၁၀၀)၊ စုစုပေါင်း သိန်း(၅၆၀)ချပေးခဲ့ရာ လုပ်ငန်းဆောင်ရွက်မှုအားလုံး ပြီးစီးနေပြီ ဖြစ်ပါတယ်။ မြို့တွင်း ရေစုကန်များဟာ နှစ်(၃၀)ကျော် ကြာပြီဖြစ်တဲ့အတွက် ကန်များပျက်စီးခြင်း၊ ရေများစိမ့်ထွက်ခြင်းတို့ကြောင့်လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း နောက်ဆက်တွဲပါ မြို့မြေပုံများပါ အတိုင်း ဂါလန်(၂၅၀၀၀)ဆံ့ ရေစုကန်(၃)လုံးကို ပြည်နယ်အစိုးရ၏ ပံ့ပိုးမှုနဲ့ မြို့ပေါ်(၄)ရပ်ကွက် ပြည်သူများရဲ့ ထည့်ဝင်ငွေနဲ့အပြီး တည်ဆောက်ထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပေါ်(၄)ရပ်ကွက်တွင် အိမ်ခြေနဲ့ လူဦးရေများပြားလာခြင်းကြောင့် ရေငုပ်များတိုးချဲ့သွယ်တန်းရန် လိုအပ်လာပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၁ ခုနှစ်၊ အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မြို့ရေနှင့် ပတ်သက်၍ ကျွန်တော့်၏ မေးခွန်းနှင့် ပတ်သက်ပြီး လာရောက်ဖြေကြားစဉ်က ယခုပံ့ပိုးသည့် သိန်း(၅၆၀)ဖြင့် သတ်မှတ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မြို့တွင်းရေဖြန့်ဝေမှုမှာ (၈၅)ရာခိုင်နှုန်း ပြီးစီးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျန်တဲ့ မြို့တွင်းရေဖြန့်ဝေမှု ဖူလုံရန် (၁၅)ရာခိုင်နှုန်းသာ ကျန်ရှိပါတော့တယ်။ ဒါကြောင့် လုပ်ငန်းပြီးစီးပါက ဆက်လက်၍ ကူညီပံ့ပိုးပေးသွားမှာဖြစ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးကိုယ်တိုင် လာရောက် ဖြေကြားသွားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ချပေးတဲ့ သိန်း(၅၆ဝ)နဲ့ သတ်မှတ်ထားတဲ့လုပ်ငန်းများကို အချိန်မီပြီးစီးအောင် မြို့ပေါ်(၄)ရပ်ကွက်မှ ပြည်သူများ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြပါတယ်။ ပြည်နယ်အစိုးရနဲ့ မြို့ပေါ်(၄)ရပ်ကွက်မှ ပြည်သူများရဲ့ ထည့်ဝင်ငွေဖြင့် ဂါလန်(၂၅ဝဝဝ)ဆံ့ ရေကန်အသစ်(၃)လုံးလည်း တည်ဆောက်ပြီးစီးပြီ ဖြစ်တဲ့အတွက် (၄)ရပ်ကွက်ကို ရာနှုန်းပြည့် ဖြန့်ဖြူးပေးနိုင်ရန် ရေအလုံအလောက်ရှိနေပြီ ဖြစ်ပါတယ်။ ကျန် (၁၅)ရာခိုင်နှုန်းကို ဆက်လက်ပံ့ပိုးပေးနိုင်ရန်အတွက် မြို့ပေါ်(၄)ရပ်ကွက်သို့ မြို့နယ်စည်ပင်နှင့် အင်ဂျင်နီယာများမှ ကွင်းဆင်းလျက် စနစ်တကျ တိုင်းထွာပြီး လိုအပ်နေတဲ့ (၂)လက်မပိုက် ပံ့ပိုးပေးနိုင်ရန် လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့တန်းရှည် မြို့ပေါ်(၄)ရပ်ကွက်မှ အရှေ့ဘက် အစွန်ဆုံးဖြစ်တဲ့ အရှေ့ပြင်ရပ်ကွက်မှာ ကျွန်တော်တို့ ရေဂါလန်(၂၅ဝဝဝ)ဆံ့ကို၊ ရပ်ကွက်ကို သွယ်တန်းဖို့အတွက် (၂)လက်မ PVC ပိုက်သွယ်တန်းရန် အရှည်(၁ဝ၅၆ဝ)ပေ၊ ကုန်ကျခန့်မှန်း သိန်း(၁၂ဝ)နဲ့ စံပြရပ်ကွက်နဲ့ ဘဝသစ်ရပ်ကွက် နှစ်ရပ်ကွက်လုံးကို ဖြန့်ဝေမယ့် ရေကန်ဟောင်းကို ဖျက်ပြီးတော့မှ ရေစုကန်အသစ် ဂါလန်(၂၅ဝဝဝ)ဆံ့ကို မြို့ပေါ်(၂)ရပ်ကွက် ဖြန့်ဖြူးဖို့အတွက် အရှည်(၂၁၂၁ဝ)ပေ၊ (၂)လက်မ PVC ပိုက်သွယ်တန်းရန် ကုန်ကျစရိတ်ခန့်မှန်း သိန်း(၂၄ဝ)၊ အနောက်ရပ်ကွက် ဂါလန်(၂၅ဝဝဝ)ဆံ့ စံမင်းသီရိကုန်းမှာ တည်ဆောက်ပြီးစီးတဲ့ ရေကန်ကနေပြီးတော့မှ အနောက်ဘက်နဲ့ တောင်ဘက်၊ မြောက်ဘက်၊ ကျယ်ပြန့်လာတဲ့ရပ်ကွက်တွေကို သွယ်တန်းဖို့ အရှည်ပေ(၂၁၁၂ဝ)ပေ (၂)လက်မ PVC ပိုက် သွယ်တန်းနိုင်ရန် ကုန်ကျခန့်မှန်း သိန်း(၂၄ဝ)၊ စုစုပေါင်း ကုန်ကျခန့်မှန်းငွေ သိန်း(၆ဝဝ)ကို စည်ပင်မှ တွက်ချက်ထားတဲ့အတိုင်း ဆက်လက်ကူညီပံ့ပိုးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မြို့ပေါ်(၄)ရပ်ကွက် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သာစည်မြို့နယ်၊ လယ်ပြင်ကျေးရွာအုပ်စု၊ ပင်မုန်းကျေးရွာ၏ သောက်သုံးရေ ရှားပါးမှု၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁ဝ။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင်က သာစည်မြို့နယ်၊ လယ်ပြင်ကျေးရွာအုပ်စု၊ ပင်မုန်းကျေးရွာ၏ သောက်သုံးရေ ရှားပါးမှု၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁ဝ။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ သာစည်မြို့နယ်၊ လယ်ပြင်ကျေးရွာအုပ်စုရှိ ပင်မုန်းကျေးရွာရဲ့

သောက်သုံးရေရှားပါးမှု၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုတို့ကို ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့ရဲ့ အရှေ့ဘက် လယ်ပြင်၊ ဆင်တောင်၊ မြင်းတိုက်စတဲ့ ကျေးရွာအုပ်စုများဟာ တောင်ပေါ်ဒေသများ ဖြစ်ပါတယ်။ ဒီကျေးရွာအုပ်စုများကို သွားလာရေးက အင်မတန် ခက်ခဲပါတယ်။ အဆိုပါကျေးရွာများကို သွားလျှင် သာစည်ဘူတာကြီးမှ နံနက်(၆)နာရီအချိန်တွင် ထွက်သော သာစည်-ရပ်စောက် ရထားတစ်စင်း တည်းကိုသာလျှင် လုပ်သားပြည်သူများက အားကိုးအားထား ပြုရခြင်း ဖြစ်ပါတယ်။ အဘယ်ကြောင့် ဆိုသော် ဒီဒေသမှာ ကားလမ်းများ မပေါက်ရောက်ခြင်းကြောင့် ဖြစ်ပါတယ်။ ဒါပေမယ်လို့ ယခု အချိန်အခါမှာတော့ ရှမ်းပြည်နယ်၊ ကလောမြို့မှ သာစည်မြို့နယ် ဒိုက်ဦးကျေးရွာအထိ ကျောက်ချောလမ်း ရှိပြီးဖြစ်ရာ ဆက်လက်၍ မြင်းတိုက်-ဟင်းခါးကုန်း-ဆင်တောင်-ကျေးရုပ်လမ်းပိုင်းကို (၈)မိုင်ကျော် အား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းများ ခင်းပေးမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ထိုရွာများဟာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့မှာ ကလောမြို့မှတစ်ဆင့် အချိန်ပြည့်သွားလာနိုင်တော့မှာ ဖြစ်တဲ့အတွက်ကြောင့် အဆင်ပြေပြီး ဖြစ်ပါတယ်။ ဒီအတိုင်းပါပဲ။ ကျွန်တော်တို့ ကျေးရွာအုပ်စု၊ ကျေးရုပ်ကျေးရွာအုပ်စုမှ အောက်ဘက်မှာရှိတဲ့ ကျေးရွာများဖြစ်တဲ့ လွန်တို၊ လယ်ပြင်၊ ရေပူ၊ ရထားပြင်ညောင်ကျေးရွာအထိ ကျန်ရှိတဲ့(၆)မိုင်ကို ရာသီမရွေး သွားလာ နိုင်တဲ့ ကျောက်ချောလမ်း ခင်းပေးမည်ဆိုပါက ရထားပြင်ညောင်မှ ကျောက်ချော လမ်းခင်းပေးပြီး ဖြစ်တဲ့ ကားပြင်ညောင်သို့ သွားလာနိုင်မှာ ဖြစ်ပါတယ်။ ထိုကားပြင်ညောင်သို့ သွားလာနိုင်ခဲ့လို့ရှိရင် ထိုကျေးရွာများမှ သာစည်၊ မိတ္ထီလာရှိ လိုအပ်တဲ့ဒေသများသို့ အချိန်မရွေး သွားလာနိုင်မည်ဖြစ်တဲ့ အတွက်ကြောင့် ထို(၆)မိုင်လမ်းအား ကျောက်ချောလမ်း ခင်းပေးရန် အတွက် လိုအပ်လျက်ရှိသည်ကို သိရှိရပါတယ်။

ဆက်လက်ပြီး တင်ပြလိုတာကတော့ ကျွန်တော်တို့ လယ်ပြင်ကျေးရွာအုပ်စုမှာရှိတဲ့ မုန်ပြင် ကျေးရွာဟာ အိမ်ထောင်စုပေါင်း(၁၁၉)ဦး ရှိပြီးတော့မှ လူဦးရေဟာ (၆၀၀)ကျော်ရှိပါတယ်။ အဲဒီ ကျေးရွာဟာ နှစ်စဉ် မတ်လဆန်းပိုင်းမှ ဇူလိုင်လပိုင်းကုန်အထိ သောက်သုံးရေ ရှားပါးမှုအခက်အခဲများ ကြုံနေရပါတယ်။ ဒီရွာမှာရှိတဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ရေဟာ မလုံလောက်တဲ့အတွက် ကြောင့် ကျန်းမာရေးမှာလည်း အခက်အခဲ တွေ့ရှိနေရတာ ဖြစ်ပါတယ်။ ဒါပေမယ်လို့ ဒီကျေးရွာနဲ့ ပေပေါင်း(၁၄၆၀၀)ခန့် ကွာဝေးတဲ့နေရာမှာ ရာသီမရွေး ရေထွက်အားကောင်းတဲ့ ရေထွက်နေရာ တစ်ခု ရှိပါတယ်။ ထိုရေထွက်နေရာမှ ရေပိုက်လိုင်းများကို သွယ်တန်းပေးပါက သောက်သုံးရေ ဖူလုံစွာ ရရှိမှာဖြစ်တဲ့အတွက်ကြောင့် ဒီမေးခွန်းနှစ်ခုကို မေးမြန်းခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ သို့ဖြစ်ပါတဲ့အတွက်ကြောင့် တောင်ပေါ်ဒေသ ကျေးရွာများရဲ့ လိုအပ်လျက်ရှိသော ကျေးရွာချင်းဆက်လမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရေးနဲ့ သောက်သုံးရေအတွက် လိုအပ်သောပိုက်လိုင်းများကို သွယ်တန်း နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ ကို ဒေသခံပြည်သူများရဲ့ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် (ကုက္ကိုကွ ကျေးရွာအုပ်စု) မုန်ကန်ကျေးရွာမှ (အရှေ့ကုန်း ကျေးရွာအုပ်စု) ညောင်ကုန်း ကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ရန်အတွက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် (ကုက္ကိုကွကျေးရွာအုပ်စု) မုန်ကန်ကျေးရွာမှ (အရှေ့ကုန်း ကျေးရွာအုပ်စု) ညောင်ကုန်းကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ရန်အတွက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၄။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် (ကုက္ကိုကွကျေးရွာအုပ်စု) မုန်ကန်ကျေးရွာမှ (အရှေ့ကုန်းကျေးရွာအုပ်စု) ညောင်ကုန်းကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ရန်အတွက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ် ပေးရေးကိစ္စ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် (ကုက္ကိုကွကျေးရွာအုပ်စု) မုန်ကန်ကျေးရွာမှ ကျောက်ပန်းတောင်းမြို့နယ်နှင့် ရေနံချောင်းမြို့နယ် နယ်စပ်တစ်လျှောက်ရှိ (အရှေ့ကုန်းကျေးရွာအုပ်စု) ညောင်ကုန်းကျေးရွာအထိ ကျေးရွာငယ်ပေါင်း (၉)ရွာ၊ အိမ်ခြေ(၁၈၃၀) အိမ်၊ လူဦးရေ(၉၁၈၉)ဦး မှီတင်းနေထိုင်လျက်ရှိပါတယ်။ အဆိုပါ မုန်ကန်ကျေးရွာမှ ညောင်ကုန်း ကျေးရွာအထိ ကျေးရွာချင်းဆက်လမ်း မရှိပါသဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှည်(၅.၄)မိုင်ရှိ ကျေးရွာချင်းဆက်လမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်း ဖောက်လုပ်ပေးရန် လိုအပ်နေပါတယ်။ ၎င်းလမ်းအား ဖောက်လုပ်ပေးပါက အထက်ပါ ကျေးရွာအုပ်စုများမှ ကျေးရွာ များသည် ရေနံချောင်းမြို့နဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများကို လျင်မြန်စွာနဲ့ အဆင်ပြေချောမွေ့စွာ ဆက်သွယ်လုပ်ကိုင် ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။

သို့ပါ၍ (ကုက္ကိုကွကျေးရွာအုပ်စု) မုန်ကန်ကျေးရွာမှ (အရှေ့ကုန်းကျေးရွာအုပ်စု) ညောင်ကုန်း ကျေးရွာအထိ အရှည် (၅.၄) မိုင်ရှိ ကျေးရွာချင်းဆက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်း ဖောက်လုပ်ပေးနိုင်ပါရန်နဲ့ မည်သည့်အချိန်တွင် စတင်ဖောက်လုပ်ပေးနိုင်မည်၊ မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်မည်၊ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်တို့ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖောက်လုပ်ပေးရမယ့် လမ်းကြောင်းပြမြေပုံနှင့်အတူ ပူးတွဲတင်ပြပြီးတော့ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၁၆။**

**ဗိုလ်ချုပ်မောင်မောင်အုန်း (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဗိုလ်ချုပ်မောင်မောင်အုန်း ဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ၏ မေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှာ ဗိုလ်လောင်ချောင်း(၁၄)မိုင်မှာ ရေဖမ်းကန်နဲ့ ရေစစ်ကန်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ်(၉)သိန်း၊(၈)မိုင်(၄)ဖာလုံမှာ ဂါလန်(၈၀၀၀)ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းအတွက် ငွေကျပ်(၃၁)သိန်း(၂)သောင်း၊ (၁၄)မိုင်မှ (၈)မိုင်(၄)ဖာလုံကြား (၄)လက်မ PVC ပိုက်သွယ်တန်းခြင်းအတွက် ငွေကျပ်(၂၀၄၆၀၀၀၀)၊ မြို့တွင်း ပိုက်လိုင်းဟောင်းများ အသစ်လဲလှယ်ခြင်းအတွက် ငွေကျပ်သိန်း(၁၀၀) စုစုပေါင်းငွေကျပ် (၃၄၅၃၀၀၀၀)နဲ့ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ် အစိုးရအဖွဲ့ အစီအစဉ်ဖြင့် နိုင်ငံတော်ထောက်ပံ့ငွေမှ မင်းတပ်မြို့ ရေပေးရေးလုပ်ငန်းအတွက် (၅၆၅)သိန်း ခွဲဝေဆောင်ရွက်ခဲ့ပြီးဖြစ်တဲ့အတွက် မြို့တွင်းရေဖြန့်ဝေမှုများမှာ (၈၅)ရာခိုင်နှုန်း ပြီးစီးပြီး ဖြစ်ပါတယ်။

ဒီအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို နှစ်အလိုက် အစီအမံများနဲ့ ဦးစားပေးဆောင်ရွက်လျက်ရှိပြီး မင်းတပ်မြို့ရဲ့ မြို့တွင်းရေဖြန့် ပေးဝေမှုများမှာလည်း (၈၅)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ သို့သော် ယနေ့ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ ပြည်နယ်အစိုးရတို့ရဲ့ စည်ပင်သာယာရေးလုပ်ငန်းများ ခွဲဝေဆောင်ရွက်မှုအရ ကျန်ရှိတဲ့ မင်းတပ်မြို့ ရေပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာ ချင်းပြည်နယ် အစိုးရအဖွဲ့မှသာ ဆောင်ရွက်ရမယ့်လုပ်ငန်းများ ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ရဲ့ ရေဖြန့်ဝေမှုမှာ လိုအပ်နေတဲ့ (၂)လက်မပိုက်များ ဆက်လက်ပံ့ပိုးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်း နဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် ရဲ့ မေးခွန်းအား ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ ကျေးလက်

ဒေသများ အချိုးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတံတားတည်ဆောက်ရေး၊ ရေပေးရေးနဲ့ ကျန်းမာသန့်ရှင်းရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်စံပြအိမ်ရာ တည်ဆောက်ရေးစတဲ့ အခြေခံအဆောက်အအုံများကို (၅)နှစ်စီမံကိန်း၊ အနှစ်(၂၀)စီမံကိန်း စသည်ဖြင့် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဌေးမောင် ရဲ့ လမ်းပန်းဆက်သွယ်ခက်ခဲမှုများကို ဆောင်ရွက်ပေးရန်ကိစ္စနဲ့ စပ်လျဉ်းပြီး သာစည်မြို့နယ်၊ လယ်ပြင်ကျေးရွာအုပ်စု၊ ပင်မုန်းကျေးရွာသို့ ဆက်သွယ်သော ဘုရားငါးဆူ-တောင်ကြီး ကတ္တရာလမ်းမကြီးမှ လယ်ပြင်ကျေးရွာအုပ်စု၊ ပင်မုန်းကျေးရွာအထိ စုစုပေါင်း လမ်းအရှည်(၁၀)မိုင်ရှိပြီး ပြင်ညောင်ကျေးရွာမှ ရထားပြင်ညောင်ကျေးရွာအထိ ကျောက်ချောလမ်း(၄)မိုင်နဲ့ ရထားပြင်ညောင်မှ ပင်မုန်းကျေးရွာအထိ မြေသားလမ်း(၆)မိုင် ဖြစ်ပါတယ်။ ပြင်ညောင်-ရေမှူ-လယ်ပြင်-ပင်မုန်းကျေးရွာချင်းဆက် မြေသားလမ်းအရှည် (၆)မိုင်ကို (၁၂)ပေအကျယ် သိပ်သည်းပြီးတော့မှ (၈)လက်မထု ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်း ကုန်ကျငွေမှာ ကျပ်သန်း (၂၁၀) ဖြစ်ပါတယ်။ ဒီအတွက် သာစည်မြို့နယ် ပြင်ညောင်-ရေမှူ-လယ်ပြင်-ပင်မုန်း ကျေးရွာချင်းဆက် လမ်းအရှည်(၆)မိုင် ကျောက်ချောလမ်းခင်းခြင်းအတွက် ကုန်ကျငွေသန်း(၂၁၀)အား နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှာ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ပင်မုန်းကျေးရွာ သောက်သုံးရေ ရှားပါးမှုကို ဆောင်ရွက်ပေးရန်ကိစ္စနှင့် စပ်လျဉ်းပြီး သာစည်မြို့နယ်၊ လယ်ပြင်ကျေးရွာအုပ်စု၊ ပင်မုန်းကျေးရွာမှာ အိမ်ခြေ(၉၅)အိမ်၊ လူဦးရေ (၅၁၉)ဦးရှိပြီး တစ်နေ့ ရေလိုအပ်ချက်မှာ (၁၃၈၀)ဂါလန်ခန့် ဖြစ်ပါတယ်။ လက်ရှိ ရေသုံးစွဲမှုမှာ စိမ့်စမ်းရေသွယ်(၂)ခုမှ တစ်နေ့ရေဂါလန်( ၉၀၀၀)ရရှိတဲ့အတွက် လူတစ်ဦး တစ်နေ့ ရေဂါလန် (၁၇) ဂါလန် ခန့် ရရှိပါတယ်။ ဒီတော့ ဒီပင်မုန်းကျေးရွာ သောက်သုံးရေ ဖူလုံစွာ ရရှိရေး အတွက်လည်း ဒီစိမ့်စမ်းရေသွယ်ခြင်း (၂)လက်မပိုက် (၁၄၆၀၀)ပေ သွယ်တန်းခြင်းနဲ့ ဂါလန်(၃၀၀၀)ဆံ့ ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ခန့်မှန်းကုန်ကျငွေကျပ် (၁၅)သန်းခန့်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ လျာထားဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်ငြိမ်း ရဲ့ မေးခွန်းအား ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ မုန်ကန်ကျေးရွာမှ ညောင်ကုန်းကျေးရွာ ဆက်သွယ်တဲ့လမ်းဟာ အရှည်(၉)မိုင်(၄)ဖာလုံရှိပြီး လမ်းရဲ့ လက်ရှိအခြေအနေမှာ ကျဉ်းမြောင်းပြီး သဲထူထပ်သော လှည်းလမ်းကြောင်း အနိမ့်အမြင့်မှာ ရှိပါတယ်။ ပြီးတော့ လမ်းဘေးမှာ ယာမြေများ ကပ်လျက်တည်ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ဒီလမ်းကို ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဖောက်လုပ်မည်ဆိုပါက လက်ရှိလမ်းကြောင်းဘေးမှာရှိတဲ့ ယာမြေ၊ စိုက်ပျိုးမြေ ပိုင်ရှင်များနဲ့ ညှိနှိုင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီ မုန်ကန် - ညောင်ကုန်း ကျေးရွာချင်းဆက်လမ်း လမ်းဆောင်ရွက်ရန် ကုန်ကျငွေကို တွက်ချက်တဲ့အခါမှာ မြေသားလမ်း(၉)မိုင် (၄)ဖာလုံအတွက် ငွေကျပ်(၉၆.၅)သန်း၊ သစ်သားတံတား

(၃)စင်းအတွက် ငွေကျပ်(၂၉.၇)သန်း၊ ရေကျော်(၃)စင်းအတွက် ငွေကျပ်(၁၇.၅)သန်း စုစုပေါင်း ငွေကျပ်(၁၆၃.၂၅)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

ဒီအတွက် ဒါ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှ တင်ပြလာသော မုန်ကန် - ညောင်ကုန်း ကျေးရွာချင်း ဆက်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းအားလည်း ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ လာမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လျာထား ပေးသွားမှာ ဖြစ်ပြီးတော့မှ လမ်းဖောက်လုပ်တဲ့အချိန်မှာ သက်ဆိုင်ရာဒေသခံ ယာသမားများရဲ့ သဘောထားများကို တောင်းခံပြီးတော့မှ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်း တွေဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြား ရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## ရာဘာခြံစိုက်ပျိုးသော တောင်သူများ ရာဘာ ဝယ်/ရောင်း လုပ်နေကြသော ရာဘာဒိုင်များ အနေဖြင့် သက်ဆိုင်ရာမြို့နယ် စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ မှတ်ပုံတင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က ရာဘာခြံစိုက်ပျိုးသော တောင်သူများ ရာဘာဝယ်/ရောင်းလုပ်နေကြသော ရာဘာဒိုင်များ အနေဖြင့် သက်ဆိုင်ရာမြို့နယ် စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ မှတ်ပုံတင်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ကြွရောက်လာသောပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ် များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်ပါမေးခွန်းများနှင့် ပတ်သက်သော စာသားများကို ဖတ်ကြား ခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်ပြီး နိုင်ငံ အတွက် နိုင်ငံခြားငွေရှာပေးသော အားထားရသော နှစ်ရှည်သီးနှံတစ်မျိုး ဖြစ်ပါတယ်။ ယခုအခါ ရာဘာ မြန်မာနိုင်ငံတွင် စိုက်ပျိုး၍ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် စုစုပေါင်း စိုက်ဧက (၁၂)သိန်းကျော်ရှိလာပြီး မွန်ပြည်နယ် တစ်ခုတည်းကိုပင် စိုက်ဧက(၄)သိန်းကျော်ရှိလာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရာဘာစိုက်ဧက များလာသည်နှင့်အမျှ ရာဘာဝယ်ယူရေးလုပ်ငန်းသည်လည်း များပြားလာပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလမ်းကြောင်းပေါ်သွားရသောအချိန်တွင် ဘယ်လုပ်ငန်းမဆို စည်းကမ်းရှိရန် လိုအပ်လာပါတယ်။

ထို့ကြောင့် ရာဘာခြံစိုက်ပျိုးသော တောင်သူများ၊ ရာဘာ ဝယ်/ရောင်း လုပ်နေကြသော ရာဘာဒိုင်များအနေဖြင့် သက်ဆိုင်ရာမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ မှတ်ပုံတင်ရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**စိုက်စရိတ် အကြွေးပေးဆပ်ပြီးသူ အများစုကို စိုက်စရိတ်ချေးပေးပြီး အကြွေးမပေးဆပ်နိုင်သည့် လူနည်းစုကို အခြားနည်းဖြင့် ကြွေးကျန်တောင်းခံရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စိုက်ပျိုးစရိတ်ချေးငွေတစ်ခုတည်းအတွက် ဘဏ္ဍာနှစ်ပိတ်မတိုင်မီ ပေးဆပ်စေခြင်းထက် အထူးအစီအစဉ်အနေဖြင့် နောက်ဘဏ္ဍာနှစ် ပထမ(၄)လပတ်အတွင်း ပေးဆပ်ရန် သက်တမ်းတိုး စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က စိုက်စရိတ် အကြွေးပေးဆပ်ပြီးသူ အများစုကို စိုက်စရိတ်ချေးပေးပြီး အကြွေးမပေးဆပ်နိုင်သည့် လူနည်းစုကို အခြားနည်းဖြင့် ကြွေးကျန်တောင်းခံရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စိုက်ပျိုးစရိတ်ချေးငွေတစ်ခုတည်းအတွက် ဘဏ္ဍာနှစ် ပိတ်မတိုင်မီ ပေးဆပ်စေခြင်းထက် အထူးအစီအစဉ် အနေဖြင့် နောက်ဘဏ္ဍာနှစ် ပထမ(၄)လပတ်အတွင်း ပေးဆပ်ရန် သက်တမ်းတိုး စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က လေးစားစွာဖြင့် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းခွင့်ရတဲ့ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာမေးခွန်း ကြယ်ပွင့်ပြမေးခွန်း အမှတ်(၂)မှာ အပိုင်း(၂)ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ ပြီးခဲ့တဲ့လထဲမှာ နေ့စွဲနဲ့ပြောရရင် ၁၇-၇-၂၀၁၃ နေ့က ကိုယ်စားလှယ်တော်ကြီး ဦးမှတ်ကြီး မေးခဲ့တဲ့ မေးခွန်းနဲ့ သဘောသဘာဝချင်းတူတဲ့အတွက်ကြောင့် အထူးရှင်းပြရန် မလိုဘဲ ကျွန်တော် လိုရင်းပဲ မေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးပြီး တစ်ဖက်ကလည်း နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာထုတ်လုပ်ရေးတာဝန်ကို ထမ်းဆောင်နေကြတဲ့ တောင်သူလယ်သမားကြီးများအတွက် စိုက်ပျိုးစရိတ် အထောက်အကူဖြစ်စေရန်နှင့် မြန်မာ့ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ကနေ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေးခြင်းဟာ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ခွင့်ပြုနေတဲ့အတွက်

ကြောင့် ယခုနှစ်မှာဆိုရင် မိုးစပါးတစ်ဧကလျှင် ကျပ်တစ်သိန်းထိ တိုးမြှင့်ချေးပေးနိုင်တဲ့အတွက်ကြောင့် တောင်သူများအတွက် အထောက်အကူများစွာဖြစ်ပြီးတော့ ဝမ်းမြောက်ပီတိဖြစ်နေရပါတယ်။

ကျွန်တော်တို့ ဒီ ပထမ မေးခွန်းရဲ့အပိုင်း(က)ကတော့ စိုက်ပျိုးစရိတ်ထုတ်ပေးစဥ် အချိန်ကတည်းက အကြေအပြေ ပြန်လည်ပေးဆပ်နိုင်ရေးကို အာမခံနိုင်ရန်အတွက် ဝိုင်းကြီးချုပ် စနစ်နဲ့ ပေးချေရတာကို ကျွန်တော်တို့သိပါတယ်။ နားလည်း လည်ပါတယ်။ ဒါလည်း လက်ခံပါတယ်။ ဘာလဲဆိုတော့ နိုင်ငံတော်ရဲ့ ကြွေးငွေဆိုတာ၊ ကြွေးဆိုတာ ပြန်ဆပ်ရန်တာဝန်လည်း ရှိပါတယ်။ ပြန်ဆပ်နိုင်ဖို့အတွက် သေချာအောင်လည်း အာမခံတဲ့ နည်းစနစ်တွေ တာဝန်ရှိပါတယ်။ ဒါပေမယ့်လည်း ယခုလို မိုးရာသီ တကယ့်ကို ကြပ်ကြပ်တည်းတည်းနဲ့ အခက်အခဲပေါင်းစုံကြားက စိုက်ရ၊ ပျိုးရမယ့် အချိန်မှာ ကျေးရွာအုပ်စုတစ်စု၊ ကျေးရွာတစ်ရွာမှာ တောင်သူအများစုက ပေးနိုင်ပြီးတော့ တစ်ယောက်စ နှစ်ယောက်စ တောင်သူများဟာ အကြောင်းအမျိုးမျိုးကြောင့် သူတို့မှာလည်း အကြပ်အတည်း အခက်အခဲ သီးနှံမဖြစ်တာ၊ အကြောင်းကြောင်းကြောင့် မပေးဆပ်နိုင်ရင် အဲဒီကျေးရွာအုပ်စု၊ အဲဒီ ကျေးရွာတောင်သူအများစုကို မချေးနိုင်တဲ့အတွက်ကြောင့် တောင်သူများဟာ လယ်ယာလုပ်ငန်းခွင် ဝင်ရမယ့်အချိန်မှာ အခက်အခဲ ဖြစ်ကြပါတယ်။ ကြေပြေစွာ ပြန်ပေးနိုင်တဲ့သူက များပြီးတော့ ကြေပြေစွာ ပြန်မပေးနိုင်တဲ့သူက နည်းတဲ့အခါမှာ အများစုသည် လူနည်းစုကြောင့် နိုင်ငံတော်ကပေးတဲ့ အခွင့်အရေးကို မခံစားရသလိုဖြစ်နေတဲ့ အတွက်ကြောင့် ဒီလို ကျွန်တော်မေးရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်က အကြေအပြေပေးဆပ်ပြီးတဲ့ တောင်သူများကို ဝိုင်းကြီးချုပ်စနစ် ရှိသော်ငြားလည်း ငါတို့ကိုပဲ စံပြအနေနဲ့ စိုက်ပျိုးစရိတ်ကို ထုတ်ချေးပေးပြီးတော့ ကျန် ပုဂ္ဂိုလ်များ အနေနဲ့ အခြားနည်းပေါ့၊ ကျွန်တော်တို့မှာ နိုင်ငံတော်ရဲ့ ကြွေးငွေနဲ့ပတ်သက်လို့ ပြန်လည်တောင်းခံရန် နည်းလမ်းတွေရှိပါတယ်။ အခြားနည်းဖြင့် ပြန်လည်တောင်းခံပြီးတော့မှ ဆောင်ရွက်နိုင်ရန် ရှိ/မရှိ ဆိုတဲ့ မေးခွန်းရဲ့ အပိုင်း(က)ကို မေးမြန်းခြင်း ဖြစ်ပါတယ်။

ဒုတိယပိုင်းကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တောင်သူလယ်သမားများနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်က စိုက်ပျိုးစရိတ်ချေးပေးတာ သူ့ရဲ့ လယ်ယာလုပ်ငန်းခွင်မှာ အထောက်အပံ့ တစ်ခုဖြစ်စေရန် ဖြစ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ပေးဆပ်တာတော့ နှစ်ချင်းကြွေး ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့လည်း နားလည်ပါတယ်။ ကာလတိုကြွေး၊ နှစ်ချင်းကြွေး ဖြစ်ပါတယ်။ နှစ်ချင်းကြွေး ဆိုတဲ့အခါကျတော့ ကျွန်တော်တို့က ချေးတဲ့အချိန်ကိုက မိုးရာသီကျမှ ချေးတာဖြစ်တဲ့အတွက်ကြောင့်မို့ စချေးတဲ့ကာလက အကြမ်းဖျင်း ဇူလိုင်ပေါ့၊ ဒီနှစ်ဆိုရင် ဩဂုတ်ထဲ ဝင်သွားမှာပေါ့၊ ဇူလိုင်လောက်က စချေးပြီးတော့ ပြန်ဆပ်တဲ့ကာလက ဘဏ္ဍာနှစ်မကုန်ခင် ဆပ်ရတာဖြစ်တဲ့အတွက်ကြောင့် ဘဏ္ဍာနှစ်သည် ၂၀၁၃ ဇူလိုင်မှာ ချေးလိုက်ရင်၊ ၂၀၁၄ မတ်မှာ ကုန်တဲ့အတွက်ကြောင့် အကြမ်းအားဖြင့် ဇန်နဝါရီ၊ ဖေဖော်ဝါရီမှာ ပေးဆပ်ရပါတယ်။ ဆိုလိုတာက တောင်သူလယ်သမားလက်မှာ ဒီချေးငွေကို ကိုင်တွယ်ပြီး လှည့်ပတ်သုံးစွဲရတဲ့ကာလဟာ တကယ်တော့ ဘဏ္ဍာနှစ်တစ်နှစ်ဆိုပေမယ့် (၁၂)လ မပြည့်ပါဘူး။ ဒါကြောင့် သူရဲ့ ပြန်ဆပ်တဲ့ အခါမှာ သူသည် ဒီဇင်ဘာကောက်ဦး ပေါ်ပြီးတာနဲ့ သူ့ရဲ့ ဈေးနှုန်းနဲ့ ပတ်သက်လို့ ဈေးကို ထိန်းထားနိုင်ခြင်း မရှိပါဘူး။ ကြွေးဆပ်ရန်တာဝန်ရှိတဲ့အတွက်ကြောင့် ဖြစ်တဲ့နည်းနဲ့ ရရာဈေးနဲ့ စပါးဈေးကို တောင့်မခံနိုင်ဘဲနဲ့ ထိုးရောင်းရပါတယ်။ ဒီအချိန်ဟာ တောင်သူ

လယ်သမားအများစု ထောင်နဲ့ သောင်းနဲ့ချီတဲ့ တောင်သူလယ်သမားအများစုဟာ စပါးတင်းပေါင်းကို သိန်းနဲ့ သန်းနဲ့ချီပြီးတော့ ရောင်းတာဖြစ်တဲ့အတွက်ကြောင့် အဝယ်ဒိုင်များက ဒီအချိန်ကတော့ ဝမ်းနာခေါင်းကိုက်လို့ ခေါ်တဲ့ စကားရှိပါတယ်။ အရပ်စကား၊ ဈေးနှုန်းကို နှိမ်ပြီးဝယ်တဲ့သဘောရှိပါတယ်။ ကျွန်တော် ဒီမှာမေးခွန်းမေးတဲ့အချိန်မှာ ဥက္ကဋ္ဌကြီးဆီရော၊ သက်ဆိုင်ရာ ဝန်ကြီးဌာနကိုရော ကျွန်တော် ဇယားလေးနဲ့ စပါးဈေးနှုန်းလေးတွေ ကျွန်တော် (၄)နှစ်စာ တွက်ပေးထားတာရှိပါတယ်။

ဒါ ကျွန်တော်တို့ ခရိုင်ထဲက မြို့(၃)၊(၄)မြို့က ပျမ်းမျှယူရခြင်း ဖြစ်ပါတယ်။ ဥပမာအားဖြင့် ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလမှာ စပါးဈေးတင်း(၁၀၀)ဟာ၊ သူ့ရဲ့ဈေးဟာ (၃၁၅၀၀၀) ပေါက်ပါတယ်။ ဒါ ၂၀၁၀ ဒီဇင်ဘာဖြစ်ပါတယ်။ ဒီဇင်ဘာမှာ ရောင်းလိုက်ရတဲ့အတွက်ကြောင့်မို့ သူဟာ (၃၁၅၀၀၀) ရပါတယ်။ အကယ်၍သာ သူသည် ၂၀၁၁ ခုနှစ်၊ ဧပြီလမှာ ဆပ်ခွင့်ရမယ်ဆိုရင် စပါးဈေးဟာ (၃၂၅၀၀၀) ဖြစ်တဲ့အတွက်ကြောင့် တင်း(၁၀၀)ပေါ်မှာ ကွာခြားချက်က စပါးတင်း(၁၀၀)ပေါ်မှာ ငွေ(၁၀၀၀၀)ဖြစ်ပါတယ်။ အဲဒီနှစ်က စပါးဈေးနည်းပါတယ်။ ဒုတိယနှစ်မှာ သိပ်သိသာပါတယ်။ ၂၀၁၁၊ ဒီဇင်ဘာလမှာ စပါးတင်း(၁၀၀)ဈေးဟာ (၂၇၅၀၀၀) ဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၂၊ ဧပြီကျတော့ (၃၅၀၀၀၀)ဖြစ်တဲ့အတွက်ကြောင့် စပါးတင်း(၁၀၀)ပေါ်မှာ (၇၅၀၀၀)ကွာပါတယ်။

အလားတူပဲ ၂၀၁၂၊ ဒီဇင်ဘာမှာ စပါးဈေး ပြီးခဲ့တဲ့နှစ်က (၃၀၀၀၀၀)ဖြစ်ခဲ့ပေမယ့်၊ အခုဇွန်မှာ၊ ပြီးခဲ့တဲ့ဇွန်မှာ ပေါက်တဲ့ဈေး (၄၀၀၀၀၀)ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တင်း (၁၀၀)ပေါ်မှာ ငွေ(၁၀၀၀၀၀)ကွာပါတယ်။ ဒီကွာသွားတဲ့ အမြတ်ဟာဘယ်သူရလိုက် သလဲဆိုတဲ့ အခါကျတော့ စပါးဝယ်တဲ့ ဒိုင်ကရသွားတာဖြစ်ပြီးတော့ တောင်သူကတော့ ဒါပေါ်မှာ ခံစားလိုက်ရခြင်း မရှိပါဘူး။ ဒါကြောင့်မို့လို့ တောင်သူဘက်က အကျိုးကျေးဇူးကို အပြည့်အဝ မခံစားလိုက်ရဘဲနဲ့ ဝယ်တဲ့သူကပဲ ရသွားတာကို ကျွန်တော်တို့ ပေါ်စေချင်တဲ့အတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကို ဒါ တင်ပြခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တင်ပြချင်တဲ့အချက်ကလေးက စိုက်ပျိုးစရိတ်ချေးငွေ တစ်ခုတည်းအတွက်လို့ ကျွန်တော် ရေးထားပါတယ်။ သေချာအောင်လို့၊ ထင်ရှားအောင်လို့ ဘယ်ကိစ္စမဆို ဘဏ္ဍာနှစ်နဲ့ ဖြတ်တယ်ဆိုတာ ကျွန်တော်တို့လည်း သဘောပေါက်ပါတယ်၊ လွှတ်တော်ကိုယ်စားလှယ်လည်း ဖြစ်တယ်။ ပြည်သူ့ငွေစာရင်းကော်မတီမှာလည်း ဥက္ကဋ္ဌကြီး တာဝန်ပေးခဲ့တာ (၂)နှစ်လောက်တာဝန်ယူခဲ့တဲ့အတွက်ကြောင့် ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ နားလည်ပါတယ်။ ဒါပေမဲ့ စိုက်ပျိုးစရိတ်ချေးငွေတစ်ခုတည်းအတွက်ကိုတော့ သီးသန့်အစီအစဉ်အနေနဲ့ လာမယ့် မတ်လ ၃၁ ရက်မှာ ပိတ်တဲ့ဘဏ္ဍာနှစ် အပိတ်မှာ မဟုတ်ဘဲနဲ့ ၁၄-၁၅ ကူးတဲ့ ဘဏ္ဍာနှစ်ထဲမှာ ပထမ(၄)လပတ်ပေါ့၊ အဲဒီမှာ ပေးဆပ်ခွင့်ရမယ်ဆိုရင် ဒါ တောင်သူတွေအတွက်က စပါးဈေးလေးကို ခံစားရမှာ ဖြစ်ပါတယ်။ ဒါကောရှိသလားလို့မေးရင် ကျွန်တော်လည်း လုပ်ငန်းတွေကို ခေါ်ယူကြားနာတဲ့အခါမှာ သိလိုက်တာတစ်ချက်ရှိပါတယ်။ အဲဒါ ဘာလဲဆိုတော့ BOT ပေးရတဲ့ လမ်းတံတားကိစ္စ၊ လမ်းပေါ့လေ၊ လမ်းခွန်ကိစ္စတွေဟာ ပြက္ခဒိန်နှစ်နဲ့ သွားပါတယ်။ ဘဏ္ဍာနှစ်နဲ့ မသွားပါဘူး။ ကျွန်တော်တို့ ဘဏ္ဍာနှစ်က မတ်လမှ ကုန်ဆုံးတဲ့အခါမှာ ပြည်သူ့ငွေစာရင်း ကော်မတီမှာ စာရင်းစစ်ချုပ်က စစ်ပြီးပို့လိုက်တဲ့အခါမှာ အကြွေးကျန် တွေပေါ်တယ်၊ သန်းနဲ့ချီပေါ်တယ်။

ကျွန်တော်လည်း တော်တော်လေး ပြာပြာသလဲဖြစ်သွားတယ်။ ဒါပေမဲ့ ခေါ်ယူကြားနာတဲ့အခါမှာ ဘာမှ အံ့သြစရာမရှိပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကောက်တဲ့စနစ်က ပြက္ခဒိန်နှစ် ဖြစ်ပါတယ်။

ဒါကြောင့် သူတို့ဟာ သက်တမ်းနှစ်(၄၀)ပေးထားတဲ့ ပထမ တည်ဆောက်ရေးကာလမှာ သူက (၃)နှစ်ပေးတယ်။ အဲဒီကာလမှာတစ်ခါ ရက်ပေါင်း(၉၀) Grade Period ပေးတဲ့အတွက် ကြောင့်၊ အခု ဩဂုတ်လအကုန်မှာ ဒီအကြွေးတွေ အကုန်ပြေသွားမှာ ဖြစ်ပါတယ်။ ဆိုလိုတာက အဲဒီလုပ်ငန်းတစ်ခုမှာတော့ ဘဏ္ဍာနှစ်နဲ့ မဖြတ်ဘဲနဲ့ ပြက္ခဒိန်နဲ့ ဖြတ်တယ်ဆိုတဲ့ အထောက်အထား လေးတစ်ခု ကျွန်တော် ရလိုက်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို ကျွန်တော် မေးတဲ့အခါမှာလည်း တောင်သူများအတွက်လည်းပဲ အကျိုးရှိစေရန်အလို့ငှာ စိုက်ပျိုးစရိတ် ချေးငွေတစ်ခုတည်းကိုတော့ ဘဏ္ဍာနှစ်နဲ့ ဖြတ်မယ့်အစား တောင်သူသက်သာခွင့်ရစေရန် နောက် ဘဏ္ဍာနှစ်အကူး ပထမ(၄)လ သက်တမ်းအတွင်းမှာ ပြန်လည်ပေးဆပ်ရန် သက်တမ်းတိုးပေးနိုင်ခြင်း ရှိ/မရှိ နိုင်ငံတော်ရဲ့ လူဦးရေ အများဆုံးဖြစ်တဲ့ တောင်သူများရဲ့အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၃၃။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်း မေတ္တာ ဂါရဝပြုပို့သအပ်ပါတယ်။ ပထမအချက်အနေနဲ့ မွန်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ မေးခွန်းနဲ့ ပတ်သက်လို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအုန်းသန်း က ပြန်လည်ဖြေကြား သွားမှာ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ နှစ်ရှည်ပင်နှင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းဌာန (နှစ်ရှည်ပင်လုပ်ငန်း)ဟာ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန အဖြစ်သို့ ၁-၄-၂၀၁၂ ရက်နေ့မှစ၍ လက်ရှိအစိုးရသစ်၏ မူဝါဒနှင့်အညီ စုစည်းပြောင်းလဲပြင်ဆင် ဖွဲ့စည်းခဲ့ ပါတယ်။ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနဟာ ဝန်ကြီးဌာနရဲ့ အဓိကတာဝန်ကြီး(၃)ရပ်ဖြစ်တဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်ရေး(Seed Production)တာဝန်၊ လေ့ကျင့်ပညာပေးရေး (Training and Education) တာဝန်၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ သုတေသနပြုလုပ် ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Research and Development)တာဝန်တွေကို အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရာဘာစိုက်ဧကတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ ရာဘာစိုက်

တောင်သူများထံ ဖြန့်ဝေပေးရေး၊ နည်းပညာများပြန့်ပွား ဖြန့်ဝေပေးရေးတို့ကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ထိုကဲ့သို့ဆောင်ရွက်ခြင်းကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ စုစုပေါင်း ယနေ့ထိ ရာဘာစိုက်ဧက (၁၄၃၅၈၂)ဧကအထိ ရှိလာပြီး၊ မွန်ပြည်နယ်တစ်ခုတည်းမှာပင် ရာဘာစိုက်ဧက (၄၇၀၆၆၆)ဧက စိုက်ပျိုးကာ ရာဘာအထွက်နှုန်းများ တိုးတက်လာတဲ့နည်းတူ ရာဘာရောင်းဝယ်ရေး လုပ်ငန်းများလည်း တိုးတက်ဖွံ့ဖြိုးလာခဲ့ပါတယ်။ မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူ များအသင်းရဲ့ ဦးဆောင်မှုဖြင့် ရာဘာစိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ မြို့နယ်အဆင့်အထိ ရာဘာစိုက်ပျိုးထုတ်လုပ်ဝယ်ယူသူများအသင်းများ တိုးချဲ့ဖွဲ့စည်းပြီး ပုဂ္ဂလိက အခန်းကဏ္ဍကို မြှင့်တင်ကာ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရာဘာဝယ်ယူခြင်း၊ ရောင်းချခြင်းကို ဒေသအလိုက် လွတ်လပ်စွာ စိတ်ကြိုက်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရာဘာခြံစိုက်ပျိုးသော တောင်သူများ၊ ရာဘာ ဝယ်/ရောင်းလုပ်ကိုင်နေကြသော ရာဘာဒိုင်များကို သက်ဆိုင်ရာ မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနရုံးများမှာ မှတ်ပုံတင်ရန် မလိုအပ်ပါသဖြင့် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့မေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေ၊ အခန်း(၆)၊ ပုဒ်မ ၂၉ မှာ ဘဏ်က ထုတ်ပေးခဲ့တဲ့ မည်သည့်ချေးငွေမျိုးကိုမဆို ချေးယူသူက အချိန်မှန်မှန် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျှင် ဘဏ်သည် ယင်းပျက်ကွက်သူအား ချေးငွေသစ်များ ထုတ်ပေးခြင်းကို ရပ်ဆိုင်းထားရမည် ဟု ပြဋ္ဌာန်းထားရှိပါတယ်။ ယင်းပြဋ္ဌာန်းချက်အရ ရာသီအလိုက်၊ သီးနှံအလိုက် ထုတ်ချေးတဲ့ ငွေများကို ဘဏ်မှ အပြည့်အဝ ပြန်လည်ကောက်ခံခြင်း ဖြစ်ပါတယ်။

သို့ရာတွင် ၂၀၁၃ ခုနှစ်၊ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးရာမှာ ကျေးရွာလုံးကျွတ် ပြေကျေသည့် ကျေးရွာအုပ်စုများကို ဦးစားပေးပြီး ထုတ်ချေးခြင်း ဆောင်ရွက်လျက်ရှိပြီး ရွာလုံးကျွတ် မပြေကျေသေးတဲ့ ကျေးရွာအုပ်စုများမှာ ချေးငွေအကျေပေးဆပ်ပြီးသည့် တောင်သူလယ်သမားများကို အစုအဖွဲ့လိုက် ဆက်လက်ထုတ်ပေးလျက်ရှိပါတယ်။ ချေးငွေ ပေးဆပ်နိုင်ခြင်း မရှိသေးတဲ့ တောင်သူလယ်သမားများကိုလည်း အပြေအကျေ ပေးဆပ်နိုင်ရေး နှိုးဆော်ကောက်ခံလျက်ရှိပါတယ်။ ကြွေးဟောင်းပြေကျေပါက ကြွေးသစ်ကို ချက်ချင်းဆက်လက် ထုတ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ရာသီအလိုက် ချေးငွေများ ထုတ်ချေးလျက်ရှိရာ သီးနှံပြန်ပေါ်ချိန်တွင် ချေးငွေပြန်လည်ကောက်ခံရေး မူစနစ်အရ တောင်သူလယ်သမားများသည် သီးနှံများပေါ်ချိန်၊ လက်ဝယ်ငွေရှင်ချိန်တွင် ချေးငွေပြန်လည်မဆပ်လိုက်၍ လက်ရှိ လက်ဝယ်ရှိငွေများ မိမိ၏ အခြားလိုအပ်ချက်များမှာ လွယ်လွယ်ကူကူ သုံးစွဲလိုက်ခြင်းအားဖြင့် ဘဏ်သို့ ကြွေးပြန်ဆပ်ချိန်မှာ ပြန်မဆပ်နိုင်တော့သည့်အတွက် တောင်သူလယ်သမားများတွင် အကြွေးဝန်ထုပ်ဝန်ပိုး ဖြစ်စေနိုင်ပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ချေးငွေရန်ပုံငွေလိုအပ်ချက်များကို ဘဏ္ဍာရေးဝန်ကြီး

ဌာနသို့ တွက်ချက်တောင်းခံရာမှာ ကျွေးဟောင်းများ အပြေအကျေ ပေးဆပ်ပြီးမှသာ ကျွေးသစ်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ငွေရရှိရေးကို ဆောင်ရွက်ရပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ တောင်သူလယ်သမားများအတွက် ချေးငွေပေးရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှ သက်မှတ်ထားတဲ့ အတိုးနှုန်းပေးပြီး ဘဏ္ဍာရေးနှစ်အတွင်း အကျေချေးယူရတာ ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဥပဒေ အခန်း(၅)၊ ပုဒ်မ ၂၁(က)တွင် ချေးငွေကာလသတ်မှတ်ချက်နှင့် ပတ်သက်၍ နှစ်စဥ်ချေးငွေဖြစ်လျှင် တစ်နှစ်အထိ ဟု ပြဌာန်းသတ်မှတ်ထားပါတယ်။ ဘဏ္ဍာရေးနှစ်ဆိုသည်မှာလည်း လက်ရှိ သတ်မှတ်ချက်အရ ဧပြီလ ၁ ရက်နေ့မှ နောင်နှစ် မတ်လ ၃၁ ရက်နေ့အထိ တိတိကျကျ သတ်မှတ်ထားခြင်းဖြစ်သည့်အတွက် ဘဏ္ဍာရေးနှစ်ကျော်လွန်ပြီး ချေးငွေပြန်ဆပ်ခွင့်ပြုပေးရန်မှာ ဘဏ္ဍာရေးနှစ်ကျော်လွန်ခွင့်မရှိသည့် ကန့်သတ်ချက်မူဘောင်အရ၊ ဥပဒေအရ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

သို့ရာတွင် ခြွင်းချက်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဒေသအလိုက် မမျှော်မှန်းနိုင်သော ကြီးမားသည့် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းကဲ့သို့ ထူးခြားသော ဝိသေသများနှင့် ထူးခြားသော ဖြစ်စဥ်ဖြစ်ရပ်များကို ခိုင်မာစွာ တင်ပြပြီး တင်ပြလာပါက ပြည်ထောင်စုဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနသို့လည်းကောင်း တင်ပြညှိနှိုင်းပြီး အဆင်ပြေနိုင်မည့် နည်းလမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၄၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၅၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်အပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှေးဦးကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဦးစိုးမြင့် (ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးမြင့် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှေးဦး ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ၏ အကြံပြုချက်များအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၃-၁၀၂

ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်

ဖြစ်ပါတယ်။

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များကို ၄-၇-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၇)ရက်မြောက်နေ့တွင် တင်ပြခဲ့ပါသည်။ ယင်း ၄-၇-၂၀၁၃ ရက်နေ့ တွင်ပင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် က ဥပဒေကြမ်းအပေါ် အကြံပြု ဆွေးနွေးခဲ့ရာ လွှတ်တော်က ယင်းအကြံပြုချက်၊ ဆွေးနွေးချက်များကို ထပ်မံကြားနာလေ့လာစိစစ်ရန် ဥပဒေကြမ်းကော်မတီ အား တာဝန်ပေးခဲ့ပါသည်။

ညှိနှိုင်းရရှိချက်များ

၂။ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဖိတ်ခေါ်၍ အသေးစိတ်ညှိနှိုင်းခဲ့ရာ အောက်ပါ အချက်များကို လွှတ်တော်သို့

တင်ပြရန် သဘောတူညီခဲ့ကြပါသည်။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ ဆွေးနွေးချက်များအပေါ် လက်ငင်း ဆောင်ရွက်သင့်သည်များနှင့် ရေရှည်ဆောင်ရွက်သင့်သည်များ ဟူ၍ ခွဲခြားဆွေးနွေးခဲ့ပါသည်။ နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ ကျေးလက်အထိ ဖွင့်လှစ်နိုင်ရေး ရေရှည်ရည်မှန်းချက် ထားရှိသင့်ကြောင်း ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ထို့ပြင် ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်မှ ခွဲဝေပေးသောဘဏ္ဍာငွေနှင့် မည်သို့မျှ မလုံလောက်နိုင်သဖြင့် အလှူငွေနှင့် ထောက်ပံ့ငွေများ ပါဝင်သော ရန်ပုံငွေတစ်ရပ် ထူထောင်၍ စနစ်တကျ ပေါင်းစပ်သုံးစွဲသင့်ကြောင်းဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ယင်းညှိနှိုင်းဆွေးနွေးချက်များအရ ဥပဒေကြမ်း၌ ပြင်ဆင်ဖြည့်စွက်ရန်အချက်များကို ရရှိပါသည်။ ပြင်ဆင်ဖြည့်စွက်ချက်များကို ဆက်လက်တင်ပြပါမယ်။

ပထမဆုံးအနေနဲ့ ပြင်ဆင်ဖြည့်စွက်ချက်ကတော့ နိုင်ငံတစ်ဝန်းလုံး နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ဖွင့်လှစ်နိုင်ရန်နှင့် ကလေးသူငယ်များအား စနစ်တကျပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေး အတွက် နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန် ဟူသောအချက်ကို ဤဥပဒေကြမ်း၏ အခန်း(၂)၊ ရည်ရွယ်ချက်များအခန်း၌ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)အဖြစ် ဖြည့်စွက်ရန် ညှိနှိုင်းသဘောတူညီ ခဲ့ပါသည်။ ထို့ပြင် နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာ အခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများကို မြို့များတွင်သာမက ကျေးရွာများအထိပါ နိုင်ငံတစ်ဝန်းလုံး ကျယ်ကျယ် ပြန့်ပြန့် တည်ထောင်ဖွင့်လှစ်နိုင်ရန်အတွက် သင့်လျော်သော အကူအညီ အထောက်အပံ့များ ပေးနိုင် ရန်အတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များအဖြစ် ပြင်ဆင်ချက်ကတော့ နေ့ကလေးထိန်း ဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများကို မြို့များတွင် သာမက ကျေးရွာများအထိပါ နိုင်ငံတစ်ဝန်းလုံး ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ဖွင့်လှစ်ရန် စီမံ ဆောင်ရွက်ခြင်း ဟူပြီးတော့ ပြင်ဆင်ဖြည့်စွက်ခဲ့ပါတယ်။ အဲဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ဖြင့် ဖြည့်စွက်ရန် ညှိနှိုင်းသဘောတူညီ ခဲ့ပါသည်။

နောက် တတိယပြင်ဆင်ချက်ကတော့ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း များအား နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများအား ခွင့်ပြုချက်များ ထုတ်ပေးခြင်းဟူသော ဖော်ပြချက်ကို ပုဒ်မ ၅၊ ပုဒ်မခွဲ(င)အဖြစ် ပြင်ဆင်ဖော်ပြရန် ညှိနှိုင်း သဘောတူခဲ့ကြပါတယ်။

နောက်တစ်ချက်ကတော့ ကလေးသူငယ်များကို ပြုစုပျိုးထောင်ရာတွင် မိခင်နှင့် ကလေး များအား အကာအကွယ်ပေးမှုအပြင် သင့်လျော်သည့် အကူအညီအထောက်အပံ့များပါ ပေးရန် လိုအပ်သဖြင့် ပြင်ဆင်ချက်ကတော့ ရှေးဦးကလေးသူငယ်များအား ဖြည့်စွက်အာဟာရ ကျွေးမွေးမှု အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် အမြွှာပူးကလေးမွေးဖွားသည့် မိခင်နှင့် ကလေးများအား သင့်လျော်သည့် အကူအညီအထောက်အပံ့များပေးခြင်းဆိုတဲ့ ဖော်ပြချက်ကို ပုဒ်မ ၅၊ ပုဒ်မခွဲ(ဇ) အဖြစ် ဖြည့်စွက်ရန် ညှိနှိုင်းသဘောတူခဲ့ပါတယ်။ ထို့ပြင် ယင်းသို့ ပံ့ပိုးကူညီ ပေးနိုင်ရန်အတွက် ရန်ပုံငွေ တစ်ရပ် ထူထောင်ပြီး ယင်းရန်ပုံငွေကို လိုအပ်သလို ခွဲဝေအသုံးပြုခွင့်ပေးနိုင်ရန်နှင့် လုပ်ငန်း ဆောင်ရွက်မှုကို ကြီးကြပ်နိုင်ရန် ဤဥပဒေအရ ထူထောင်သော ရန်ပုံငွေကို ရှေးဦး ကလေးသူငယ်

ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတို့၌ လိုအပ်သလို ခွဲဝေအသုံးပြုခွင့် ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ခြင်းဟူသော အချက်ကို ပုဒ်မ ၅ ရဲ့ ပုဒ်မခွဲ(ဈ)အဖြစ် ဖြည့်စွက်ရန် ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။

ထပ်မံပြီးနိုင်ငံတစ်ဝန်းလုံး နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရန် လိုအပ်သည်ဟု သုံးသပ်ရရှိပါသဖြင့် ဤဥပဒေကြမ်း၏ အခန်း(၁၁)အဖြစ် ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း ဆိုပြီးတော့ အခန်းတစ်ခု သီးခြားဖွင့်လှစ်ခဲ့ပါတယ်။ ပုဒ်မ ၃၄ နှင့်ပုဒ်မ ၃၅ ကိုလည်း ဤအခန်းအတွက် ထားပြီးတော့ ဖြည့်စွက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ မူလအထွေထွေအခန်းအား ပုဒ်မ ၁၂ အဖြစ် ပြောင်းလဲဖော်ပြရန် ညှိနှိုင်းသဘော တူညီခဲ့ပါတယ်။

မူလဥပဒေကြမ်း၏ ပုဒ်မ ၂၈ ပါ အယူခံခွင့်တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန် အကြံပြုခဲ့သည့် စာချွန်တော်အမိန့်လျှောက်ထားခြင်း ဆိုင်ရာ ကိစ္စရပ်များသည် အခြေခံဥပဒေပြဌာန်းချက်ဖြစ်ပြီး ဥပဒေတစ်ရပ်ချင်းစီအတွက် သီးခြားထည့်သွင်းဖော်ပြရန် မလိုအပ်ပါသဖြင့် မူလ ပုဒ်မ ၂၈ ကို ပုဒ်မ ၃၂ အဖြစ် ဗဟိုကြီးကြပ်ရေးအဖွဲ့က ပြည်ပမှ ပုဂ္ဂလိက နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ဆောင်ရွက်သည့် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းများနှင့် စပ်လျဥ်း၍ ပုဒ်မ ၃၀ အရ ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံ ရရှိသည့် နေ့မှ စ၍ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးထံသို့ အယူခံနိုင်သည် ဆိုပြီးတော့ ပြင်ဆင်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ခုန ပြင်ဆင်ချက်က(က) ဖြစ်ပြီး၊ (ခ)အနေနဲ့ ဝန်ကြီးသည် ပုဒ်မခွဲ(က)အရ တင်ပြချက်ကို ပြန်လည်သုံးသပ်ပြီး ဗဟိုကြီးကြပ်ရေး အဖွဲ့က ချမှတ်သော အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည် ဟု ပြင်ဆင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

နောက်ပြီးတော့ ပုဒ်မ ၃၄ အဖြစ် ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ်ကို အောက်ပါရငွေများဖြင့် ထူထောင်နိုင်သည် -

(၁) ဤဥပဒေအရ ပေးသွင်းသည့် မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခ၊ စီမံခန့်ခွဲရေးအမိန့်အရ ချမှတ်သည့် ဒဏ်ကြေးနှင့် အခြားအခကြေးငွေများ၊

(၂) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(ခ) ယင်းရန်ပုံငွေများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သုံးစွဲနိုင်သည်
ဖြည့်စွက်ရန် သဘောတူညီခဲ့ကြပါတယ်။

ထပ်မံပြီး ပုဒ်မ ၃၅ အဖြစ် ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ ယင်း စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်ဟု ဖြည့်စွက်ရန် သဘောတူညီခဲ့ပါတယ်။

အထွေထွေအခန်းမှာတော့ မူလပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အစား ပုဒ်မ ၃၆ အဖြစ် ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များက နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းထောက်ပံ့သည့် ငွေကြေး၊ ပစ္စည်းများနှင့် နည်းပညာများကို လုပ်ငန်းစီမံချက်များနှင့်အညီထိရောက်စွာအသုံးပြုရမည်ဟု ပြင်ဆင်ဖော်ပြရန် သဘောတူညီခဲ့ကြပါတယ်။

ထပ်ပြီးပြင်ဆင်ချက်ကတော့ မူလဥပဒေကြမ်း ပုဒ်မ ၃၂ ၌ ဤဥပဒေပါ ပြဋ္ဌာန်းမှုများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးကသာ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုခွင့် ရှိသည် ဟု မူလက ဖော်ပြခဲ့ပါတယ်။ အဲဒီ ဖော်ပြချက်အစား ပုဒ်မ ၃၂ ကို ပုဒ်မ ၃၈ အဖြစ်သတ်မှတ်ပြီး၊ ဤဥပဒေ၏ ပြစ်မှုများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည် ဟု ပြင်ဆင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ထို့အတူ မူလဥပဒေကြမ်းပါ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ တို့ကို ပြင်ဆင်ဖြည့်စွက်တဲ့ ပုဒ်မတွေက ပုဒ်မ ၃၇၊ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရန် သဘောတူညီခဲ့တာ တင်ပြအပ်ပါတယ်။

ကော်မတီ၏သဘောထားမှတ်ချက်

ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် နှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး သဘောတူညီခဲ့သော ပြင်ဆင်ဖြည့်စွက်ချက်များနှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်သော အကြံပြုသဘောထားမှတ်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁)၊ အပိုဒ် ၂(က)(ဆ)(ဇ)(ဈ)

၂။ (က) ရှေးဦးကလေးသူငယ် ဆိုသည်မှာ မွေးကင်းစမှ အသက် ရှစ်နှစ်ပြည့်သည့်အရွယ် အထိ ရှိသူကို ဆိုသည်။

(ဆ) ရပ်ရွာအခြေပြုလုပ်ငန်းဆိုသည်မှာ ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့်အစိုးရ မဟုတ်သော အဖွဲ့အစည်းတစ်ခုခု၏ ထောက်ပံ့မှု သို့မဟုတ် စီမံခန့်ခွဲမှုဖြင့် ပြည်သူလူထုက မိမိတို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းတွင် ဆောင်ရွက်သော ရှေးဦးကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ဇ) အိမ်အခြေပြုလုပ်ငန်း ဆိုသည်မှာ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းတစ်ခုခု၏ ထောက်ပံ့မှု သို့မဟုတ် စီမံခန့်ခွဲမှုဖြင့် စေတနာ့ ဝန်ထမ်း မိခင်တစ်ဦး သို့မဟုတ် မိခင်များက အနီးပတ်ဝန်းကျင်ရှိ ရှေးဦးကလေး သူငယ်တို့ကို အိမ်တစ်အိမ်တွင် စုစည်း၍ လုံခြုံစိတ်ချရသောနေရာနှင့် လှုံ့ဆော်မှု ကောင်းသော သင်ယူမှု ပတ်ဝန်းကျင်တို့ကို ဖန်တီးပြီး ဆောင်ရွက်သော ရှေးဦး ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ဈ) တည်ထောင်ခွင့်ပြုမိန့် ဆိုသည်မှာ နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြို ကျောင်းကိုဖြစ်စေ တည်ထောင် ဖွင့်လှစ်ခွင့်ပြု၍ မှတ်ပုံတင်ပြီး ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က) (ဆ) (ဇ)(ဈ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က) (ဆ)(ဇ)(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက နိဒါန်းကို ရည်ရွယ်ချက်အဖြစ် ပြောင်းလဲပြီး အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးဦးကလေးသူငယ်များကို မှန်ကန်သော အသိစိတ်ဓာတ် အခြေခံသည့် ကာယ၊ ဉာဏ၊ စာရိတ⊞တ၊ လူမှုဆက်ဆံရေးစသည်များ ဘက်စုံဖွံ့ဖြိုးစေရေးအတွက် ကလေး သူငယ်ဖွံ့ဖြိုးရေးစံနှုန်းများနှင့်အညီ ပြုစုပျိုးထောင်ရန်၊

(ခ) နိုင်ငံတစ်ဝန်းလုံး နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာ အခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တည်ထောင် ဖွင့်လှစ်နိုင်ရန်နှင့် ကလေးသူငယ်များအား စနစ်တကျ ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးအတွက် နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန်၊

(ဂ) ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား နေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများကို စနစ်တကျ တည်ထောင်ဖွင့်လှစ်ခွင့်ပြုခြင်းအားဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်၊

(ဃ) ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ရှေးဦးကလေး သူငယ်များအား ဖွံ့ဖြိုး တိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရေးအတွက် ဖြည့်ဆည်းပေးနိုင်ရန် ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ (က)(ခ)(ဂ)(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်-

အခန်း(၂)၊ အပိုဒ် ၃၊ ၄

အခန်း(၃)

ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေး အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး၊<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူးချုပ်၊<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်၊<br>ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်၊<br>ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဥက္ကဋ္ဌ၊<br>မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၇) | သင့်လျော်သောစေတနာ့ဝန်ထမ်း<br>လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်၊<br>လူမှုဝန်ထမ်းဦးစီးဌာန | အတွင်းရေးမှူး |
| (၉) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊<br>လူမှုဝန်ထမ်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

ဒီဥပဒေကြမ်းကော်မတီက (၃)(၄)(၅)၊ (၃)(၄)(၅)က ညွှန်ကြားရေးမှူးချုပ်တွေက ဝန်ကြီးဌာန မတူဘူး။ ဟုတ်တယ်နော်။ ဝန်ကြီးဌာနမတူရင် ဝန်ကြီးဌာန ထည့်ပေးဖို့ လိုတယ် ဟုတ်တယ်နော်။ ဘာလို့လဲဆိုတော့ (၁)မှာက ဥက္ကဋ္ဌ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (၂)ကလည်း ဝန်ကြီးဌာန ပါတယ်။ (၃)မှာ သီးခြားဝန်ကြီးဌာန ဖြစ်သွားပြီ၊ ထည့်ရမယ်။ (၄)မှာ ပညာရေးဝန်ကြီးဌာန ထည့်ရမယ်။ (၅)မှာ ကျန်းမာရေးဝန်ကြီးဌာန ထည့်ရမယ်။ ဟုတ်ပြီ။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ဗဟိုကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းခြင်း ပြုနိုင်သည်။

၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရပေးအပ်သောအခြားတာဝန်နှင့် လုပ်ပိုင်ခွင့် များအပြင် အောက်ပါလုပ်ငန်း တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည် -

(က) နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများကို မြို့များတွင် သာမက ကျေးရွာများအထိပါ နိုင်ငံ တစ်ဝန်းလုံး ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်ခြင်းနှင့် သင့်လျော်သော အကူအညီနှင့် အထောက်အပံ့များပေးခြင်း၊

( င) ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား နေ့ကလေးထိန်း ဌာနနှင့် မူလတန်းကြိုကျောင်းများ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ ရပ်ရွာအခြေပြု လုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများအား ခွင့်ပြုချက်များ ထုတ်ပေးခြင်း၊

(စ) ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကတည်ထောင် ဖွင့်လှစ်သော နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြု လုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ရှေးဦးကလေးသူငယ်များအား ဖွံ့ဖြိုး တိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရန် အကူအညီ ပေးရေးအတွက် လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ခြင်း။

(ဇ) ရှေးဦးကလေးသူငယ်များအား ဖြည့်စွက်အာဟာရ ကျွေးမွေးမှု အစီအစဉ်များ ချမှတ် ဆောင်ရွက်ခြင်းနှင့် အမြွှာပူးကလေး မွေးဖွားသည့် မိခင်နှင့်ကလေးများအား သင့်လျော်သည့် အကူအညီ အထောက်အပံ့များပေးခြင်း၊

ဆရာကြီး ဦးဝင်းမောင် အမြွှာက မှန်ရဲ့လား။ ရရစ်ပါသေးလား။ ရရစ်ပါမယ်။

(ဈ) ဤဥပဒေအရ ထူထောင်သော ရန်ပုံငွေကို ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတို့၌ လိုအပ်သလို ခွဲဝေအသုံးပြုခွင့်ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု ကို ကြီးကြပ်ခြင်း ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်များအပြင် ခုန ဥက္ကဋ္ဌပြောတဲ့ ပြင်ဆင်ချက်များအပါအဝင် အဆုံးအဖြတ် ယူမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေကြမ်းကော်မတီက နောင် ကော်မတီဖွဲ့ရင် ဝန်ကြီးဌာန မတူတိုင်း၊ မတူတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနကို ဖော်ပြဖို့၊ မှတ်သားဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ယခု ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃၊ ၄ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄ (က)(ခ)၊ ၅(ခ)(င)(စ)(ဆ)(ဇ)(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အခန်း(၄)

အခန်း(၄)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်း

၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး -

(က) ရှေးဦးကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သော ဝန်ကြီးတစ်ဦးဦး — ဥက္ကဋ္ဌ

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပညာရေးမှူးရုံးမှကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၆) သင့်လျော်သောစေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူး — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေး အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း ပြုနိုင်သည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ပေးအပ်သော အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များအပြင် အောက်ပါ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာအကူအညီနှင့် အသိပညာပေးရေးတို့အတွက် စီမံ ဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့ကလည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့က ပေါင်းစပ်ညှိနှိုင်းပေး သည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းတို့က လည်းကောင်း ဖွင့်လှစ်သည့် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြု လုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း ဟု ဖြည့်စွက် ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄) ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၆၊ ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၃)၊ အပိုဒ် ၅၊ ၇၊ ၈(က)(ခ)၊ ၉ ၊ ၁၀(က)(ခ)

အခန်း(၅)

နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ

၈။ နေ့ကလေးထိန်းဌာနကို ဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး -

(က) ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက် ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် ခွင့်ပြုပါက တည်ထောင်ခွင့်ပြုမိန့် သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်ပြီး တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးလျှင် ယင်းသို့ ထုတ်ပေးခြင်းမပြုမီ မှတ်ပုံတင်ကြေးပေးသွင်းစေရမည်။

(ဃ) မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေတို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၁၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)အရ တင်ပြသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ တည်ထောင်ခွင့်ပြုမိန့်ကို ထုတ်ပေးလျှင် ယင်းသို့ ထုတ်ပေးခြင်း မပြုမီ မှတ်ပုံတင်ကြေးပေးသွင်းစေရမည်။

(ဂ) မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၁၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကို နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းတို့ကို တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုသည့်အခါ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။

၁၃။ တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်း ရုံးသို့ လျှောက်ထားရမည်။

၁၄။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် ပုဒ်မ ၁၃ အရ လျှောက်ထားချက် ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး -

(က) တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထား ချက်ကို သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာန မှတစ်ဆင့် ဗဟို ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ သက်တမ်းတိုးမြှင့်ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ပေးခြင်း မပြုမီ သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၅၊ ၇၊ ၈(က)(ခ)၊ ၉၊ ၁၀(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၈၊ ၁၀(က)(ခ)(ဂ) (ဃ)၊ ၁၁(က)(ခ)(ဂ)၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅(က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၄) အား အခန်း (၆) အဖြစ် ပြောင်းလဲ ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ပြောင်းလဲပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၅)၊ အပိုဒ် ၁၄၊ ၁၆၊ ၁၇(က)(ခ)၊ ၁၈၊ ၁၉၊ ၂၂၊ ၂၃(က)(ခ)၊ ၂၄ နှင့် အပိုဒ် ၂၅

အခန်း(၇)

ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများ

၁၉။ ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် ပြည်တွင်းပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းရုံးသို့ လျှောက်ထားရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၂၀ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းရုံး၏ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး -

(၁) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက် ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ လုပ်ငန်း ဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(၂) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက် ဖြစ်ပါက စိစစ်ပြီး ခွင့်ပြုချက်သက်တမ်းနှင့် စည်းကမ်းချက်

များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၃) ပုဒ်မခွဲငယ်(၂)အရ ခွင့်ပြုချက် ထုတ်ပေးပါက ခွင့်ပြုချက်အတွက် နှစ်စဥ်ကြေး ပေးသွင်းစေရမည်။

( ခ ) ခွင့်ပြုချက်အတွက် နှစ်စဥ်ကြေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၂၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်နှင့် စပ်လျဥ်း၍ စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်ထုတ်ပေးပါက ခွင့်ပြုချက်အတွက် နှစ်စဥ်ကြေးပေးသွင်း စေရမည်။

( ဂ ) ခွင့်ပြုချက်အတွက် နှစ်စဥ်ကြေးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၂၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရုပ်ရှင်အခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းတို့ကို တည်ထောင်ဖွင့်လှစ်ခွင့် ပြုသည့်အခါ ခွင့်ပြုချက်သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၅ အရ ခွင့်ပြုချက်ရရှိထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံး၏ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး -

(က) ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာန မှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

( ခ ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက သက်တမ်းတိုးမြှင့် ခွင့်ပြုခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ဂ ) ပုဒ်မခွဲ(ခ)အရ ခွင့်ပြုချက်သက်တမ်း တိုးမြှင့်ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ခြင်း မပြုမီ သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေရမည်။

၂၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)အရ တင်ပြသော သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့် ခွင့်ပြုခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ခြင်း မပြုမီ သက်တမ်းတိုးမြှင့် ကြေးပေးသွင်းစေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၄၊ ၁၆၊ ၁၇(က)(ခ)၊ ၁၈၊ ၁၉၊ ၂၂၊ ၂၃(က)(ခ)၊ ၂၄ နှင့် အပိုဒ် ၂၅ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၉၊ ၂၁(က)(၁)(၂)(၃)(ခ)၊ ၂၂(က)(ခ)(ဂ)၊ ၂၃၊ ၂၆(က)(ခ)(ဂ)၊ ၂၇(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၆)၊ အပိုဒ် ၂၇(က)(ခ)(ဂ)

အခန်း(၈)

စီမံခန့်ခွဲရေးနည်းလမ်းအရ

အရေးယူခြင်း

၂၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၂၈ တို့ပါ သက်ဆိုင်ရာ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ် ဖောက်ဖျက်ကြောင်း တွေ့ရှိရလျှင် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

( ခ ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊

( ဂ ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၃၀။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက် ရရှိထားသည့် ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ပုဒ်မ ၁၇၊ ပုဒ်မ ၁၈နှင့် ပုဒ်မ ၂၈ တို့ပါ

သက်ဆိုင်ရာ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိရလျှင် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

( ခ ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊

( ဂ ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၂၇(က)(ခ)(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၉(က)(ခ)(ဂ)နှင့် အပိုဒ် ၃၀ (က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၇)၊ အပိုဒ် ၂၈(က)(ခ)(ဂ)(ဃ)

အခန်း(၉)

အယူခံခြင်း

၃၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့က ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ဆောင်ရွက်သည့် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၉ အရ ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အယူခံနိုင်သည်။

( ခ ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ(က)အရ တင်ပြချက်ကို ပြန်လည်သုံးသပ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့က ချမှတ်သော အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၂။ (က) ဗဟိုကြီးကြပ်ရေးအဖွဲ့က ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ဆောင်ရွက်သည့် နေ့ကလေး ထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုဒ်မ ၃၀ အရ ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးထံ အယူခံနိုင်သည်။

(ခ ) ဝန်ကြီးသည်ပုဒ်မခွဲ(က)အရ တင်ပြချက်ကို ပြန်လည်သုံးသပ်ပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့က ချမှတ်သောအမိန့်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်းသို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၈(က)(ခ)(ဂ)(ဃ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၃၁ (က)(ခ)၊ အပိုဒ် ၃၂(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၂း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၈) အား အခန်း(၁၀) အဖြစ် ပြောင်းလဲ ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အခန်း(၁၁)

အခန်း (၁၁)

ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၃၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ်ကို အောက်ပါရငွေများဖြင့် ထူထောင်နိုင်သည် -

(၁) ဤဥပဒေအရ ပေးသွင်းသည့် မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ခ၊ စီမံခန့်ခွဲရေး အမိန့်အရချမှတ်သည့် ဒဏ်ကြေးနှင့် အခြားအခကြေးငွေများ၊

(၂) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့ အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ။

(ခ) ယင်းရန်ပုံငွေများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သုံးစွဲနိုင်သည်။

၃၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ ယင်းစည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၁) ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၄(က) (၁)(၂)(ခ)၊ ၃၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၉)၊ အပိုဒ် ၃၀(က)(ခ)၊ ၃၂

အခန်း (၁၂)

အထွေထွေ

၃၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များက နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လှူဒါန်းထောက်ပံ့သည့် ငွေကြေး၊ ပစ္စည်းများနှင့် နည်းပညာများကို လုပ်ငန်းစီမံချက်များနှင့် အညီ ထိရောက်စွာ အသုံးပြုရမည်။

၃၈။ ဤဥပဒေပါ ပြစ်မှုများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူး၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၃၀(က)(ခ)၊ ၃၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၃၆ နှင့် အပိုဒ် ၃၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

မူလဥပဒေကြမ်းပါ ပုဒ်မ ၆၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၂၀၊ ၂၁၊ ၂၆၊ ၂၉၊ ၃၁၊ ၃၃ တို့ကို ပုဒ်မ ၉၊ ၁၆၊ ၁၇၊ ၁၈၊ ၂၀၊ ၂၄၊ ၂၅၊ ၂၈၊ ၃၃၊ ၃၇၊ ၃၉ တို့ အဖြစ် ပြောင်းလဲအမှတ်စဉ်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ပုဒ်မ ၉၊ ၁၆၊ ၁၇၊ ၁၈၊ ၂၀၊ ၂၄၊ ၂၅၊ ၂၈၊ ၃၃၊ ၃၇၊ ၃၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၉ တို့သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းကိုအတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၂း၄၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၄၆။**

**ဒေါ်စုစုလှိုင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့ရဲ့ကိုယ်စား ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန်အတွက် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၂း၄၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၄၇။**

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းကို ကျွန်မ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့် မှ ထောက်ခံအပ်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂း၄၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ရှေးဦး ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည် ပြုရန်ဖြစ်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ရှေးဦးကလေးသူငယ် ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင် ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၄၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသား လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၈) ရက် မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို (၁၂း၄၈)နာရီအချိန်တွင် ရပ်နားပါသည်။]